# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# စီးပွားရေးသံမှူး သတင်းလွှာ

2(7/2022)

သတင်းများ


| | | |
|---|---|---|
| Germany | - | ၁ |
| Deperment of Trade | - | ၈ |
| Myantrade | - | ၁၀ |
| Ministry of Planning and Finance | - | ၃ |
| China(Kunming) | - | ၂ |


**CONTACT US**


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်

သုတေသနဌာနခွဲ၊

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန၊

ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊


နေပြည်တော်

ဖုန်း - 0673408624

0673408645

e-mail-tirnpt2020@gmail.com


## အာဆီယံစီးပွားရေးတိုးတက်မှု၏ နောက်ကွယ်




အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် အာရှနိုင်ငံ (၁၀)နိုင်ငံ ပေါင်းစုထားသည့် ကုန်သွယ်ရေးအုပ်စု (Trade Bloc) တစ်ခုဖြစ်ပါသည်။ လွန်ခဲ့သောနှစ် ၂၀ ကာလအတွင်း အာဆီယံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ (၆၀၀) ဘီလီယံရှိခဲ့ရာမှ တစ်စတစ်စတိုးတက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ (၃၃၀၀) ဘီလီယံ သို့ တိုးတက်လာခဲ့ပါသည်။ ၂၀၂၆ ခုနှစ်ကို မှန်းမျှော်ကြည့်မည်ဆိုပါက အာဆီယံ၏ ဂျီဒီပီသည် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းခန့် ရှိလာမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၄၈၀၀) ဘီလီယံသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။ ထိုခန့်မှန်းတွက်ချက်မှုများအတိုင်း ဖြစ်လာမည်ဆိုပါက အာဆီယံသည် အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ပြီးလျှင် ကမ္ဘာ့စီးပွားရေးအင်အားအတောင့်တင်းဆုံး (၅) နိုင်ငံအဆင့်သို့ရောက်ရှိလာမည်ဖြစ်ပါသည်။

အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကိုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများစွာရှိသည့်အနက် လူဦးရေတိုးတက်မှုနှုန်းတွင် လူငယ်လူရွယ်များများစွာပါဝင်နေခြင်းသည် အားရကျေနပ်ဖွယ်ကောင်းသော အချက်တစ်ခုဖြစ်ပါသည်။ လက်ရှိအခြေအနေအရ တစ်နှစ်လျှင် လူဦးရေ(၆)သန်းဝန်းကျင်

ခန့် တိုးတက်လျက်ရှိပြီး ၆၀ ရာခိုင်နှုန်းဝန်းကျင်မှာ အသက် ၃၅ နှစ်အောက် လူငယ်လူရွယ်များ ဖြစ်ပါသည်။

အာဆီယံ၏ Outward-looking Trade Policy သည်လည်း အရေးကြီးသော မောင်းနှင်အားတစ်ခုဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အနှောင်းပိုင်းတွင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Regional Comprehensive Economic Partnership - RCEP) ကို အခြားသော အိမ်နီးခြင်းအာရှနိုင်ငံများနှင့်အတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအများအပြားသည်လည်း ပစိဖိတ်ဖြတ်ကျော် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသဘောတူညီချက် (Comprehensive and Progressive Agreement for Trans-Pacific Partnership-CPTPP) တွင်လည်း ပါဝင်လာခဲ့ကြပါသည်။ ထိုကုန်သွယ်ရေးမူဝါဒသည် ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အခြေစိုက်လုပ်ကိုင်လာရန်အတွက် အားပေးမြှင့်တင်ပေးလျက်ရှိပြီး တရုတ်နိုင်ငံမှ ပြောင်းရွှေ့အခြေစိုက်လိုသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများကို လုံခြုံစိတ်ချစေပါသည်။ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုမရှိသေးသော မြန်မာနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေပါသည်။ ဆိုလိုသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းရာတွင် ကွာဟမှုကြီးမားနေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်ကုန်တွင် ၁.၃ ရာခိုင်နှုန်းခန့် ကျုံ့သွားနိုင်သည်ဟု လေ့လာသုံးသပ်သူများက ခန့်မှန်းထားကြပြီး ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၆.၉ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၆.၇ ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်လာမည်ဟု ခန့်မှန်းထားကြပါသည်။

ထို့ပြင် အာဆီယံသည် ၎င်း၏စီးပွားရေးအလားအလာကောင်းများကို အပြည့်အဝဖော်ထုတ်နိုင်ရန်အတွက် အတားအဆီးပေါင်းများစွာကို ကျော်ဖြတ်ရဦးမည်ဖြစ်သည်။ အလွန်အရေးကြီးသောလုပ်ငန်းတစ်ခုမှာ အာဆီယံဒေသတွင်းဈေးကွက်ကိုပိုမိုကြီးမားကျယ်ပြန့်လာစေရန်အတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်စည်းကြပ်မှုအများအပြားကို ပယ်ဖျက်လိုက်သော်လည်း အကောက်ခွန်မဟုတ်သော အတားအဆီးများစွာကျန်ရှိနေဆဲဖြစ်သည့်အပြင် အာဆီယံသည် ဥရောပသမဂ္ဂနှင့် မြောက်အမေရိက ကုန်သွယ်မှုသဘောတူညီချက် (North American Free Trade Agreement-NAFTA) ကဲ့သို့သော အခြားကုန်သွယ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ကြည့်ပါက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအားနည်းသော အဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ အာဆီယံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိမှုတွင် တိုးတက်လာသော်လည်း ဒေသတွင်း အပူပိုင်းမုန်တိုင်းများနှင့် အခြားဆိုးရွားသော ရာသီဥတုဖောက်ပြန်မှုများကို ကြုံတွေ့နေရပါသည်။ ထို့အပြင် အာဆီယံအနေဖြင့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သဘောထားတင်းမာမှုများ တိုးလာနေသည့်အခြေအနေတွင် ထိုနှစ်နိုင်ငံနှင့် ကောင်းမွန်သော ကုန်သွယ်မှုဆက်ဆံရေးကို ထိန်းထားရန်မှာလည်း စိန်ခေါ်မှုတစ်ခု ဖြစ်နေပါသည်။

Source: Focus Economic July 2022 (မေအောင်လိန်း)

## ၂၀၂၂ ခုနှစ် နောက်ပိုင်း အာဆီယံ၏စီးပွားရေး ပြန်လည်ဦးမော့လာရန် ခြိမ်းခြောက်နေသည့် ငွေကြေးဖောင်းပွမှုအခြေအနေ

အစားအသောက်နှင့် လောင်စာဆီဈေးနှုန်းများ မြင့်မားလာခြင်းသည် ပုဂ္ဂလိကငွေကြေးသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျလာစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းလာစေပါသည်။ ကမ္ဘာ့ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းသည် ၂၀၂၂ ခုနှစ်တွင် အာဆီယံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေးကို နှေးကွေးစေသည်။ ကမ္ဘာ့ဘဏ်၏ ဖွန်လထုတ် Global Economic Prospects အစီရင်ခံစာအရ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ် ဧပြီလတွင် ၁.၉ ရာခိုင်နှုန်းမှ ၆.၉၅ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း အလားတူကာလတွင် ၄.၂၃ ရာခိုင်နှုန်းမှ ၉.၃၇ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယူကရိန်း - ရုရှား ပဋိပက္ခကြောင့် အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသည့်အပြင် သွင်းကုန်လုပ်ငန်းရှင်များကိုပါ ထိခိုက်လာစေပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ဆက်လက်မြင့်တက်မည်ဟု ခန့်မှန်းထားကြပါသည်။ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းအတွက် ဗဟိုဘဏ်များအနေဖြင့် မြင့်တက်နေသော ဈေးနှုန်းများကို ထိန်းချုပ်နိုင်ရေး တင်းကြပ်သည့်ငွေကြေးမူဝါဒများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ယင်းသို့ တင်းကြပ်လာမှုများကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် အာဆီယံနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုအလားအလာများ လျော့နည်းသွားမည်ဖြစ်သည်။ အမေရိကန်ဗဟိုဘဏ်သည် ယခုနှစ်၏ ပထမခြောက်လပတ်အတွင်း အတိုးနှုန်းကို သုံးကြိမ်အထိမြှင့်တင်ခဲ့ပြီး ၂၀၂၀ ခုနှစ် မတ်လတွင် ၀.၂၅ ရာခိုင်နှုန်းအထိ၊ ယခုနှစ် မတ်လတွင် ၀.၅၀ ရာခိုင်နှုန်းအထိ၊ မေလတွင်




၁ ရာခိုင်နှုန်းနှင့် ဖွန်လတွင် ၁.၇၅ ရာခိုင်နှုန်းအထိ ဖြစ်ပါသည်။ အတိုးနှုန်းမြင့်တက်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများကြား ချေးငွေကုန်ကျစရိတ်လည်း မြင့်တက်လာပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစားသုံးမှုကိုပါ လျော့နည်းလာစေပါသည်။ ဘဏ်ချေးငွေအတိုးနှုန်း မြင့်တက်လာခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ပါ မြင့်တက်လာသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဆောင်ရွက်ဆဲစီမံကိန်းများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအသစ်များမှ အကျိုးအမြတ်ရရှိနိုင်ချေ နည်းပါးလာပါသည်။ အာဆီယံနိုင်ငံများ၏ ပြင်ပဝင်ငွေရရှိမှု အများဆုံးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် ၂၀၂၀ ခုနှစ်တွင် အမေရိကန်သည် အာဆီယံနိုင်ငံများတွင် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၂၆ ရာခိုင်နှုန်း) အထိ ရှိခဲ့ပါသည်။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျော့နည်းလာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးသုံးစွဲမှု လျော့ကျလာခြင်းနှင့် အခွန်ငွေရရှိမှုနည်းပါးလာခြင်းတို့ကြောင့် အာဆီယံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို နှေးကွေးစေသည်။ အာဆီယံနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် တောက်လျှောက်မြင့်တက်နေသည်ကို တွေ့ရှိရပြီး ပျမ်းမျှနှုန်းမှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ၀.၉ ရာခိုင်နှုန်းမှ ဒီဇင်ဘာလတွင် ၃.၁ ရာခိုင်နှုန်းထိလည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ၄.၇ ရာခိုင်နှုန်းထိလည်းကောင်း မြင့်တက်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ် ဧပြီလတွင် အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှားနိုင်ငံတွင် ၁၄၉ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံတွင် ၁၆၁ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၂၀၆ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၂၆၇ ရာခိုင်နှုန်းထိ ရုတ်တရက်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျသည်ကို တွေ့ရှိရပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် သိသိသာသာ ပြောင်းလဲမှုမရှိခဲ့သည်ကို တွေ့ရှိရပါသည်။

Source: https://thediplomat.com/2022/06/inflation-the-threat-to-asean-economic-recovery-in-2022-and-beyond/ (လှဲ့လှဲ့နှင်း)

## ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(BOI) က နိုင်ငံအတွင်းရှိ ခေတ်မီစက်မှုအိမ်ယာ/ ဇုန်များအတွက် (Smart Industrial Estates/Zone) မက်လုံးပေးဆွဲဆောင်မှု ကမ်းလှမ်းချက်အစီအစဉ်ဖြင့် အဆင့်မြှင့်တင်မည်

ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ (Board of Investment-BOI) သည် ထိုင်းအတွင်းရှိ ခေတ်မီစက်မှုအိမ်ယာ/ ဇုန်များ (Smart Industrial Estates/ Zone) တည်ထောင်ရန်နှင့် လက်ရှိစက်မှုဇုန်များကို ခေတ်နှင့်အညီ အဆင့်မြှင့်တင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းရုံးလှုပ်ရှားမှု (Investment Promotion) ကို တိုးမြှင့်လုပ်ဆောင်နိုင်ရေးရည်ရွယ်၍ မက်လုံးပေးဆွဲဆောင်ကမ်းလှမ်းမှု အစီအစဉ်များအား ပြီးခဲ့သည့်ရက်ပိုင်းက BOI အစည်းအဝေးတွင် သဘောတူခွင့်ပြုပေးခဲ့ပြီးနောက် ယခုအခါ “BOI upgrades Incentive Package for Smart Industrial Estates/Zones” ခေါင်းစဉ်ဖြင့် သတင်းကြေညာချက်တစ်ရပ်အား Bangkok Post သတင်းမီဒီယာ၏ Website ၌ ဇွန်လ ၂၁ ရက်နေ့၊ ရက်စွဲဖြင့် အသိပေးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) သည် ထိုင်းနိုင်ငံအတွင်း ခေတ်မီစက်မှုအိမ်ယာ/ဇုန်များ (Smart Industrial Estates/ Zone) အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းရုံးလှုပ်ရှားမှု (Investment Promotion) တစ်ခုကို တိုးမြှင့်လုပ်ဆောင်ပြီဖြစ်ပြီး လက်ရှိစက်မှုအိမ်ယာ/ ဇုန်များကို ခေတ်မီမွမ်းမံပြင်ဆင်ရန်အတွက် မက်လုံးပေးဆွဲဆောင်မှု အစီအစဉ်အသစ်

(New Incentive Package) တစ်ခုကို ထုတ်ပြန်ကြေညာ လိုက်ကြောင်း၊ အဆိုပါ အထူး Promotion အကျိုးခံစားခွင့်/ အခွင့်အရေးများကို လျှောက်ထားရယူရန် (သို့မဟုတ်) လိုအပ်သော အထောက်အပံ့ စွည်းများဖြင့် သမားရိုးကျ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ရန်အတွက် လျှောက်ထားမည်ဆိုပါက လုပ်ဆောင်မည့် စီမံချက်အနေဖြင့် စက်မှုဇုန်များအား ၎င်းတို့၏ Customer များအတွက် အရေးပါသည့် နယ်ပယ် ၅ ခု၌ Smart System Service ဝန်ဆောင်မှုများ ပေးရမည်ဖြစ်ပြီး အဆိုပါနယ်ပယ်များမှာ Smart Facilities၊ Smart IT၊ Smart Energy၊ Smart Economy နှင့် Smart Good Corporate Governance၊ Smart Living နှင့် Smart Workforce အမည် ရှိ Intelligent System ဝန်ဆောင်မှုသုံးခုမှ အနည်းဆုံးတစ်ခု ဝန်ဆောင်မှုပေး အပ်ရမည်ဖြစ်ကြောင်း၊ ခွင့်ပြုထားသော စီမံကိန်းများအနေဖြင့် ဝင်ငွေခွန် (Corporate Income Tax Exemption) ကင်းလွတ်ခွင့် ၈ နှစ်တိတိရရှိစေမည်ဖြစ်ပြီး အရှေ့စီးပွားရေးစင်္ကြံ (Eastern Economic Corridor-EEC) ရှိ စီမံကိန်းများအနေဖြင့် ဝင်ငွေခွန် ၅၀% ကင်းလွတ်ခွင့်အား ထပ်တိုး ၅ နှစ်စာခံစားရရှိစေမည်ဖြစ်ကြောင်း၊ Smart System Service ဝန်ဆောင်မှု ၅ ခုပေးအပ်ရမည့် Smart Industrial Estate/Zone များအတွက် အကျိုးခံစားခွင့် (၂) မျိုးရှိ မည်ဖြစ်ပြီး ၎င်းတို့မှာ Smart Industrial Estate/Zone အသစ်တည်ဆောက်မည်ဆိုပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ၈ နှစ်တိတိနှင့် အဆိုပါ စီမံကိန်း အသစ်များကို ECC တွင် တည်ဆောက်မည်ဆိုပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅၀% (၅ နှစ် တိတိ)၊ လက်ရှိ Smart Industrial Estate/Zone ဆိုပါက ဝင်ငွေခွန်ကင်း လွတ်ခွင့် ၃ နှစ်တိတိနှင့် ECC တွင် တည်ရှိပြီးဖြစ်သည့် စီမံကိန်းများဖြစ်ပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅၀% (၅ နှစ် တိတိ)၊



Source: Bangkok Post ( ပြည့်ဖြိုးအောင်)

## ရုရှား - ယူကရိန်းပဋိပက္ခကြောင့် ထိုင်းနိုင်ငံ၏ ပီလောပီနံတင်ပို့မှုမြင့်တက်လာ

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် စားနပ်ရိက္ခာရှားပါးလာပြီး သွင်းကုန်လုပ်ငန်းရှင်များက သီးနှံအစားထိုးရန်ကြိုးပမ်းလာမှုကြောင့် ဇန်နဝါရီလမှ ဧပြီလအတွင်း ထိုင်းပီလောပီနံတင်ပို့မှုမှာ ယမန်နှစ်အလားတူကာလကထက်(၂၈%) တိုးတက်သွားကြောင်း သိရှိရပါသည်။ ကမ္ဘာ့အကြီးမားဆုံး ပီလောပီနံတင်ပို့သည့် ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်ပထမ လေးလအတွင်း ပီလောပီနံနှင့်၎င်း၏ထုတ်ကုန်များ အပါအဝင် တန်ချိန်(၄.၆)သန်းတင်ပို့ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၅၄.၈) ဘီလီယံရှိကြောင်း၊ ယမန်နှစ်ကထက် (၂၈.၂%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့အနက် (၇၀%)ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး ကျန်ရှိသည်များကို ဂျပန်၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။ ကပ်ရောဂါအလွန် ဝယ်လိုအား၊ ပြင်းထန်သော ရာသီဥတုသက်ရောက်မှုများနှင့် ရုရှား-ယူကရိန်းပဋိပက္ခတို့ကြောင့် ကမ္ဘာတစ်ဝှမ်းမြင့်တက်နေသော ငွေဖေါင်းပွမှုကို ထိန်းချုပ်ရန် နိုင်ငံများအနေဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းနေကြကြောင်း၊ နိုင်ငံအချို့မှာအစားအစာနှင့် လောင်စာဆီအတွက် ထောက်ပံ့နေကြကြောင်း၊ အချို့မှာ အစားထိုးအစားအစာများနှင့် ပေးသွင်းသူများကို ရှာဖွေလျှက်ရှိနေကြောင်း သိရှိရပါသည်။ လွန်ခဲ့သည့်အပတ်က ယူကရိန်းနိုင်ငံက ရုရှား၏ကျူးကျော်မှုမှာ ကမ္ဘာလုံးဆိုင်ရာဂျုံ ပြတ်တောက်မှုကိုဖြစ်စေကြောင်း ပြောကြားခဲ့ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခအတွင်း နိုင်ငံခြားမှ ဝယ်ယူမှုအမှာစာများ မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာတစ်ဝှမ်း သီးနှံအရံထားရှိမှုမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ တိရစ္ဆာန်အစာနှင့် စွမ်းအင်လုပ်ငန်းများအနေဖြင့် ပီလောပီနံထုတ်ကုန်များအား အစားထိုးအဖြစ် တင်သွင်းလာကြကြောင်းနှင့် ဝယ်လိုအားနှင့်ဈေးနှုန်းလည်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပီလောပီနံတန်ချိန် (၃၂.၅) သန်းကို အမျိုးမျိုးသော ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခဲ့ကြောင်း၊ ၎င်းတို့အနက်(၃၀%-၃၅%)ကို ပြည်တွင်း၌ စားသုံးခဲ့ကြောင်း၊ အစိုးရက ထုတ်ပြန်သည့် အချက်အလက်များအရ ထိုင်းနိုင်ငံအနေဖြင့် ဘတ်ငွေ(၁၂၃)ဘီလီယံတန်ဖိုးရှိ ပီလောပီနံထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

Source: Bangkok Post (လွင်မျိုးဇော်)

## ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) သည် လျှပ်စစ်မော်တော်ယာဉ်ဘက်ထရီ ထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးပေးဆွဲဆောင်မှုများ တိုးမြှင့်ပေးသွားမည်

ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံဘုတ်အဖွဲ့ (Board of Investment-BOI) သည် လျှပ်စစ်မော်တော်ယာဉ် ဘက်ထရီ ထုတ်လုပ်မှု (Battery Manufacture) ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရန်အတွက် လုပ်ဆောင်လျက်ရှိရာ "BOI Enhances Battery Manufacture Investment Incentives" ခေါင်းစဉ်ဖြင့် ထုတ်ပြန်ကြေညာချက် တစ်ရပ်အား Bangkok Post သတင်းမီဒီယာ၏ Website ၌ ဇွန်လ ၂၂ ရက်နေ့ ရက်စွဲဖြင့် အသိပေးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) သည် အဆင့်မြင့်နည်းပညာသုံးဘက်ထရီထုတ်လုပ်မှု (Battery Production Using Advanced Technology) အတွက် မက်လုံးပေးဆွဲဆောင်မှု (Incentive) များအား အသိပေးကြေညာလိုက်ကြောင်း၊ အဆိုပါ ထုတ်ပြန်လိုက်သည့် မက်လုံးပေးဆွဲဆောင်မှု(Incen - tive) အကျိုးခံစားခွင့်များအား အဆင့်မြင့်နည်းပညာသုံး ဘက်ထရီ ထုတ်လုပ်မှုစီမံကိန်းအသစ်များအပြင် Battery Cell များမှ Battery Module များအထိ ဘက်ထရီ ထုတ်လုပ်မှုကဏ္ဍတစ်ခုထဲတွင် အမျိုးမျိုးကွဲပြားခြားနားစွာ လုပ်ဆောင်လျက်ရှိသည့်လက်ရှိစီမံကိန်းများလည်း လျှောက်ထားရယူရန် အကျုံးဝင်ကြောင်းနှင့် ၎င်းတို့အနေဖြင့် အဆင့်မြင့်စွမ်းအင်သိပ်သည်းမှုဘက်ထရီ (High Energy Density Battery) များထုတ်လုပ်မှုကိုလည်း လျှောက်ထားနိုင်ကြောင်း၊ ကိုက်ညီသည့်လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းနှင့် လိုအပ်သော ပစ္စည်းများတင်သွင်းခြင်းအတွက် သွင်းကုန်အခွန် (Import Duty) ၉၀% ကင်းလွတ်ခွင့်အား ၅ နှစ် တိတိလျှော့ချ၍ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထွက်ရှိသည့်ထွက်ကုန် (Output) များကို ပြည်တွင်း၌ ၂ နှစ်မှ ၅ နှစ်အထိ ပြန်လည်ရောင်းချပေးရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

Source: Bangkok Post ( ပြည့်ဖြိုးအောင်)

## လာအိုနိုင်ငံတွင် International Food Exposition Lao PDR ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့

လာအိုနိုင်ငံ၊ စက်မှုနှင့်စီးပွားရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ မဲခေါင်-လင်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ၏ ထောက်ပံ့မှုဖြင့် "International Food Exposition Lao PDR"ကို လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြပွဲသို့ မြန်မာနိုင်ငံမှ မြန်မာ့စားသောက်ကုန်ပစ္စည်းများ ပါဝင်ခင်းကျင်းပြသနိုင်ခဲ့ပါသည်။ အဆိုပါပြပွဲမတိုင်မီ မြန်မာနိုင်ငံမှ စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများနှင့် Product Development Activity Program အား ဆောင်ရွက်ခဲ့ပြီး ပြပွဲတွင် ဝင်ရောက်ပြသနိုင်ရန် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီသည့် စားသောက်ကုန်များကို ပေးပို့ပြသခဲ့ခြင်းဖြစ်ပါသည်။ ပြပွဲတွင် ပြသနိုင်ရန် Taw Win KanBawZa Mountain Co.,ltd မှ အသင့်ဖျော်လက်ဖက်ရည် ၊ Aung Nay Lin Htun Co.,ltd မှ ကော်ဖီနှင့် Golden Pineapple Co.,ltd မှ သစ်သီးယို၊ သစ်သီးခြောက်များကို လာအိုနိုင်ငံသို့ ပေးပို့ခဲ့ပြီး အဆိုပါပြပွဲ၏ Lancang-Mekong Pavilion တွင် ခင်းကျင်းပြသခဲ့ခြင်းဖြစ်သည်။

တင်ပြသူ- ငယ်ငယ်ထွန်း

## ၂၀၂၂ - ၂၀၂၃ ခုနှစ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စိုက်ပျိုးထုတ်လုပ်မှုအား ယခင်နှစ်များကဲ့သို့ ထွက်ရှိရန် ခန့်မှန်း



၂၀၂၂-၂၀၂၃ ခုနှစ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စိုက်ပျိုးထုတ်လုပ်မှုအား ယခင်နှစ်ကထွက်ရှိခဲ့သည့်ပမာဏဝန်းကျင်အတိုင်း ထွက်ရှိနိုင်ရန် ခန့်မှန်းထားပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၁၂.၄ သန်းရှိခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ၏ဆန်တင်သွင်းမှုသည် တန်ချိန် ၂၀၀,၀၀၀ ခန့်ရှိနိုင်ပြီး ယခင်နှစ်ကတင်သွင်းခဲ့သည့်ပမာဏအောက်သို့ ရောက်ရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (US Department of Agriculture - USDA) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပင်လယ်နက်အတွင်းဖြစ်ပွားလျက်ရှိသော တင်းမာမှုများကြောင့် ဂျုံတင်ပို့မှုများတွင် ကျဆင်းလျက်ရှိနေပြီး ကမ္ဘာ့ဈေးကွက်တွင်လည်း ဂျုံဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဂျုံတင်သွင်းမှုသည် ၃ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ပြီး ဂျုံတန်ချိန် ၆.၃ သန်းအား တင်သွင်းရန် ခန့်မှန်းထားကြောင်း၊ ဂျုံဈေးနှုန်းများ သိသိသာသာမြင့်တက်မှုကြောင့် ပြည်တွင်းဂျုံစားသုံးမှုတွင် ဂျုံတန်ချိန် ၃၅၀,၀၀၀ အထိ ကျဆင်းနိုင်ပြီး ဂျုံတန်ချိန် ၆.၂၅ သန်းအား ပြည်တွင်းစားသုံးမှုအတွက် အသုံးပြုနိုင်ကြောင်း၊ တိရစ္ဆာန်အစာထုတ်လုပ်မှုအတွက် ဂျုံသီးနှံအသုံးပြုမှုတွင် တန်ချိန် ၃၀၀,၀၀၀ အထိ လျော့ကျနိုင်ပြီး တန်ချိန် ၂.၄ သန်းအားအသုံးပြုနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပင်လယ်နက်အရေးအခင်းကြောင့် ဂျုံဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ပြည်တွင်းဂျုံစက်လုပ်ငန်းရှင်များသည် တိရစ္ဆာန်အစာထုတ်လုပ်မှုတွင် ဂျုံအစား နှံစားသီးနှံဘာလီကိုအသုံးပြုလာကြကြောင်း၊ ပြည်တွင်းတွင် အာဖရိကကြက်တုတ်ကွေးရောဂါ ပြန့်နှံ့မှုများရှိနေသဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများတွက်လည်း အစာလိုအပ်ချက်များ မြင့်တက်လျက်ရှိနေကြောင်း USDA ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

ယူကရိန်းအရေးအခင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်နှင့်ဂျုံဈေးနှုန်းများ မြင့်တက်လျက်ရှိရာ တိရစ္ဆာန်အစာထုတ်လုပ်မှုများတွင် ပြောင်းကိုအဓိကသုံးစွဲရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်ကာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းဝယ်ယူတင်သွင်းမှုသည် တန်ချိန် ၅၀,၀၀၀ မှ ၇၅,၀၀၀ အထိ မြင့်တက်လာနိုင်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းတန်ချိန် ၈.၃ သန်းထွက်ရှိရန် ခန့်မှန်းထားပြီး ယခင်နှစ်ကထက် ပိုမိုတိုးတက်နိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

Source - world-grain.com (ထွန်းအောင်ဇော်)

## တရုတ်-ကာဇက်စတန်-ဥဇဘက်ကစ္စတန်ကုန်တင်ရထားကို တရုတ်နိုင်ငံ၊ ကွမ်ရှီးပြည်နယ်မှ စတင်ပြေးဆွဲ

တရုတ်-ကာဇက်စတန်-ဥဇဘက်ကစ္စတန် ကုန်တင်ရထား X9132/1 သည် ဇွန်လ(၂၂) ရက်နေ့တွင် နန်နင်းအပြည်ပြည်ဆိုင်ရာရထားဘူတာမှ စတင်ထွက်ခွာခဲ့ကာ၊ ကီလိုမီတာ (၄,၆၆၂) ကွာဝေးသော ဥဇဘက်ကစ္စတန်နိုင်ငံ၏ မြို့တော်တက်ရှ်ကန့်မြို့သို့ ဆိုက်ရောက်မည်ဖြစ်ပြီး၊ ကွမ်ရှီးမှ စတင်ထွက်ခွာသည့် ပထမဆုံးတရုတ်-ကာဇက်စတန်-ဥဇဘက်ကစ္စတန် ကုန်တင်ရထား ဖြစ်လာပါသည်။ ၎င်းရထားမှာ တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ Alataw Pass ကုန်းတွင် စခန်းနှင့် ကာဇက်စ္စတန်နိုင်ငံ၏ Alma-Ata နှင့် Pavlodar တို့ကို ဖြတ်သန်း၍ ဥဇဘက်ကစ္စတန်နိုင်ငံသို့ ရောက်ရှိမည်ဟု သိရပါသည်။ ၎င်းရထားပေါ်တွင် ကုန်စည်မက်ထရစ်တန်ချိန် (၂,၄၁၈) တန် တင်ဆောင်ထားသည့် တွဲပေါင်း (၉၄) တွဲ ပါဝင်ပြီး၊ ကွမ်ရှီး၊ ကွမ်တုန်း၊ ကျင်းစုနှင့် ကျဲ့ကျန်းပြည်နယ်များမှထုတ်လုပ်သော သကြား၊ မီးသွေး၊ network ဝါယာကြိုးများနှင့် ဗီယက်နမ်မှ ထုတ်လုပ်သည့် သီဟိုဠ်စေ့ကဲ့သို့ ကုန်စည်များ ပါဝင်ပါသည်။ ၎င်းကုန်တင်ရထားသည် တရုတ် အကောက်ခွန်ဌာနနှင့် တရုတ်မီးရထားတို့က စတင်ခဲ့သည့် fast pass စံပုံစံကို ရှင်းကျန်းနှင့် ကွမ်ရှီးရှိ အကောက်ခွန်ဌာန (၂)ခုတို့၌ ပထမဆုံးအသုံးပြုခဲ့သော ကုန်တင်ရထားဖြစ်ပါသည်။ fast pass စံပုံစံကို အသုံးပြုခြင်းဖြင့် ထွက်ခွာသည့်အခါ အကောက်ခွန်ရှင်းလင်းခြင်းနှင့် စစ်ဆေးခြင်းတို့ကို တစ်နေရာတည်းတွင် အပြီးပြုလုပ်ပေးကာ၊ စစ်ဆေးရေးဂိတ်များတွင် ထပ်မံစစ်ဆေးရမည့် လိုအပ်ချက်များကို ဖယ်ရှားပေးပါသည်။ဤစနစ်ကို အသုံးပြုခြင်းကြောင့် အကောက်ခွန်စစ်ဆေးချိန်နာရီ (၂၀)ခန့် တိုတောင်းသွားကာ၊ သယ်ယူပို့ဆောင်ရာတွင် ကြာမြင့်ချိန် တစ်ရက်မှ နှစ်ရက်ခန့် ပိုမိုတိုတောင်းသွားပါသည်။ တရုတ်နိုင်ငံ၏ ဥရောပနှင့် အာရှအလယ်ပိုင်းနိုင်ငံများသို့ ခရီးပေါက်သည့် ရထားလမ်းများကို အသုံးပြု၍ ကွမ်ရှီးနှင့် အာဆီယံနိုင်ငံများမှ အကြီးစားစက်ပစ္စည်းများ၊ အစားအသောက်နှင့် လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများကို ဥရောပဈေးကွက်သို့ မြန်ဆန်စွာနှင့် စိတ်ချလုံခြုံစွာတင်ပို့နိုင်ရေး ကူညီပေးနိုင်မည်ဖြစ်ပြီး၊ ဇွန်လ (၂၂) ရက်နေ့အထိ ကွမ်ရှီးက တရုတ်-ဥရောပ ကုန်တင်ရထား (၁၂) စင်း စတင်ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

Source: en.gxzf.gov.cn (ရွှေစင်ကို)

## ရေနံချက်လုပ်ငန်းများ၏အလားအလာနှင့် သက်ဆိုင်သည့် ကမ္ဘောဒီးယား- ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်ရေးစာချုပ် ချုပ်ဆို

ကမ္ဘောဒီးယား- ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်ရေးစာချုပ် (CKFTA)အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးနိုင်ရန် အဆိုပြုဆွေးနွေးခဲ့ကြပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် အတည်ပြုလက်မှတ်ရေးထိုးရန် လျာထားပြီးဖြစ်ပါသည်။ CKFTA အရ ကိုရီးယားနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားမှတင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် ၉၅.၆ ရာခိုင်နှုန်းအခွန်ကင်းလွတ်ပေးရန်နှင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း ကိုရီးယားမှတင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် ၉၃.၈ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးရန် အပြန်အလှန်သဘောတူညီထားသည့်အတွက် အဆိုပါစာချုပ်သည်နှစ်နိုင်ငံအကြားကုန်သွယ်ရေးတိုးမြှင့်ပေးနိုင်မည့် စာချုပ်တစ်ခုဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်ရေးပမာဏသည် တန်ဖိုးအားဖြင့် ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၈၅ သန်းထိရှိခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၆၅ သန်း(၉ ရာခိုင်နှုန်း)ထိ တိုးမြင့်လာခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် တင်သွင်းခဲ့ပြီး အရှေ့အာရှနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၃၄၁ သန်းအထိ တင်ပို့ခဲ့သည်။ CKFTA အရ ကမ္ဘောဒီးယားနိုင်ငံသည် 'plus one business model' အသုံးပြု၍ အလားအလာရှိသော ရေနံချက်လုပ်ငန်းများတွင် တန်ဖိုးမြင့်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်မည်ဖြစ်ပြီး ကိုရီးယားကုမ္ပဏီများအနေဖြင့်လည်း တရုတ်နိုင်ငံတွင်သာမက ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံများအထိပါ ၎င်းတို့၏ ရောင်းလိုအား တိုးမြှင့်နိုင်မည်ဖြစ်သည်။ CKFTA သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးတိုးမြှင့်စေရန်ရည်ရွယ်သည့် ကိုရီးယားနိုင်ငံ၏ 'New Southern Policy' အောက်တွင် အကျုံးဝင်သည့် ကုန်သွယ်ရေး စာချုပ်တစ်ခုဖြစ်ပါသည်။

Source: ASEANBriefing (လှဲ့လှဲ့နှင်း)

## အထည်အလိပ်နှင့် ခရီးသွားကဏ္ဍများအပြင် အခြားစီးပွားရေးကဏ္ဍများကိုပါ ချဲ့ထွင်ရန် ကြိုးပမ်းနေသည့် ကမ္ဘောဒီးယားနိုင်ငံ

အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍသည် ကမ္ဘောဒီးယားနိုင်ငံတင်ပို့မှုအားလုံး၏ ၈၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံ GDP ၏ ၃၀ ရာခိုင်နှုန်းအထိရှိကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလုပ်သမား ၈ သိန်းကျော်အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်သော ကဏ္ဍဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေသည်လည်း နိုင်ငံ GDP ၏ ၁၂ ရာခိုင်နှုန်းရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍမဟုတ်သည့် အခြားကဏ္ဍများမှ ၁၅ ရာခိုင်နှုန်း၊ လယ်ယာထုတ်ကုန်ကဏ္ဍမှ ၁၂ ရာခိုင်နှုန်းရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကိုရီးယားကုန်ထုတ်လုပ်ငန်းရှင်ပေါင်း ၃၀၀ ကျော်ခန့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး အများစုမှာ အိတ်၊ ဖိနပ်၊ အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာ၊ သစ်သီးနှင့် ပီလောပီနံဥများပါဝင်သည့် လယ်ယာထုတ်ကုန်ကြမ်းများသာမက လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများကို ကိုရီးယားနိုင်ငံသို့ တင်ပို့လျက်ရှိပြီး အဆင့်မြင့်နည်းပညာများဖြင့် အဆင့်မြင့် အီလက်ထရွန်းနစ်နှင့် တပ်ဆင်ပြီးကုန်စည်များ ပိုမိုထုတ်လုပ်နိုင်ရန်လည်း ကိုရီးယားနိုင်ငံသည် အရေးပါသော ကုန်သွယ်ဘက်နိုင်ငံဖြစ်ပါသည်။

ယခင်နှစ်များကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲမှုများကြောင့် ကိုရီးယားနိုင်ငံမှရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များမှာ လုပ်သာကိုင်သာရှိလာမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဦးစားပေးကဏ္ဍ (၁၉) ခုတွင် အရင်းအနှီးများသောစီမံကိန်းများ လုပ်ကိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းရှင်များသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်များ၊ သီးခြားတန်ဖိုးလျှော့ခြင်းလုပ်ငန်းစဉ်များဖြင့် ကုန်ထုတ်လုပ်ငန်းတွင်အသုံးပြုမည့် ကာလရှည်ပိုင်ဆိုင်မှုများအပေါ် ပေးအပ်မည့် အထူးတန်ဖိုးလျှော့ အခွင့်အရေး(ထောက်ပံ့ကြေးများ) ကုန်စည်တင်ပို့ခြင်းဆိုင်ရာ အကောက်ခွန်ကင်းလွတ်ခွင့်များ ပေးအပ်မည်ဖြစ်ပါသည်။ ကမ္ဘောဒီးယားအစိုးရသည် အလုပ်သမားများ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် ပင်စင်ဆိုင်ရာအစီအစဉ်သစ်တစ်ခုကို မိတ်ဆက်ခဲ့ပြီး အလုပ်သမားဥပဒေကိုလည်း ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။ အဆိုပါအစီအစဉ်သစ်အရ အလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် အမျိုးအစားသစ်လေးခုကို မိတ်ဆက်ပေးခဲ့ရာ သက်ကြီးပင်စင်၊ မသန်စွမ်းပင်စင်၊ ကျန်ရစ်သူပင်စင်နှင့် နာရေးကူညီမှုစရိတ် စသည်တို့ ပါဝင်ပါသည်။ အလုပ်သမားဥပဒေပြင်ဆင်ရာတွင် စီးပွားရေးလုပ်ငန်းများ အလုပ်ချိန်ကိုအဆိုင်းသုံးဆိုင်းခွဲ၍ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်တွင်း

ပြဿနာများကိုမဖြေရှင်းနိုင်ပါကတရားရုံးသို့ တင်ပြလျှောက်ထားရန် အချက်များ ပါဝင်ပါသည်။ ကမ္ဘောဒီးယားအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်မားစေသည့်အပြင် ၂၀၃၀ ခုနှစ်တွင် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံ ဖြစ်လာရန်နှင့် ၂၀၅၀ ခုနှစ်တွင် ဝင်ငွေမြင့်နိုင်ငံဖြစ်လာရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားသည်။
Source: ASEANBriefing (လဲ့လဲ့နှင်း)

## ယူနိုက်တက်ကင်းဒမ်း(U K )နှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းကော်မတီ စတင်ဖွဲ့စည်း

ယူနိုက်တက်ကင်းဒမ်း (UK)နှင့် ထိုင်းနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ပထမဦးဆုံး စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းကော်မတီ (JETCO) ကို စတင်ဖွဲ့စည်းခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ်ရန်၊ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိသော ကုန်သွယ်ရေးဆိုင်ရာအတားအဆီးများကို ပူးပေါင်းဆွေးနွေးအဖြေရှာရန် ရည်ရွယ်၍ အဆိုပါကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ နှစ်နိုင်ငံကိုယ်စားလှယ်များအနေဖြင့် ဒီဂျစ်တယ်စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍများအပါအဝင် ကဏ္ဍအသီးသီး၌ လက်တွဲလုပ်ကိုင်သွားရန် ဆွေးနွေးခဲ့ကြသည်။ လွန်ခဲ့သော (၅)နှစ်တာကာလအတွင်း ထိုင်း- ယူနိုက်တက်ကင်းဒမ်း ကုန်သွယ်မှုသည် ၂၀၁၇ ခုနှစ်၌ အမေရိကန်ဒေါ်လာ(၇)ဘီလီယံရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅.၅) ဘီလီယံသို့ ကျဆင်းသွားခဲ့ပါသည်။ ယူနိုက်တက်ကင်းဒမ်းသည် ထိုင်းနိုင်ငံ၏ (၂၂) နိုင်ငံမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ထိုင်းကုန်သွယ်မှုတန်ဖိုးစုစုပေါင်း၏ (၁) ရာခိုင်နှုန်းရှိသည်။ ထိုင်းနိုင်ငံသည် ယူနိုက်တက်ကင်းဒမ်း၏ (၄၀) နိုင်ငံမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကာ ယူနိုက်တက်ကင်းဒမ်း ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း၏ (၀.၄) ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဒီဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ထိုင်းနိုင်ငံ၊ ဒီဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဝန်ကြီးဌာနနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ဒီဂျစ်တယ်၊ ယဉ်ကျေးမှု၊ မီဒီယာနှင့် အားကစားဆိုင်ရာဝန်ကြီးဌာနတို့အကြား ဒီဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါသဘောတူစာချွန်လွှာသည် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍနှင့် နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံ၊ ဒီဂျစ်တယ်စီးပွားရေးအဆောက်အဦ၏ စုစုပေါင်းကုန်စည်တန်ဖိုး (GMV) သည် ၂၀၂၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ (၂၀) ဘီလီယံရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃၀) ဘီလီယံသို့ တိုးတက်လာခဲ့သည်။ အဆိုပါတန်ဖိုးသည် လာမည့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၆) ဘီလီယံထိ တိုးတက်လာမည်ဖြစ်ပြီး အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပြီးလျှင် အများဆုံးဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ စိုက်ပျိုးရေး၊ စားသောက်ကုန်နှင့် အဖျော်ယမကာကဏ္ဍတွင် ထိုင်းနိုင်ငံနှင့် ယူနိုက်တက်ကင်းဒမ်းတို့သည် စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုဆက်ဆံရေး တိုးမြင့်လာနိုင်မည့်ကိစ္စရပ်များအပေါ် နှစ်စဉ်ဆွေးနွေးအဖြေရှာသွားကြမည်ဖြစ်သည်။ ဈေးကွက်ရရှိရေးနှင့် မူဝါဒဖလှယ်မှုမြှင့်တင်ရေးတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အရေးကြီးသောကဏ္ဍများဖြစ်ကြသည်။ စိုက်ပျိုးရေးကဏ္ဍသည် ထိုင်းနိုင်ငံ၏ စုစုပေါင်းတိုင်းပြည်ထုတ်ကုန် (GDP) ၏ (၈) ရာခိုင်နှုန်းပါဝင်ပြီး ထိုင်းနိုင်ငံသည် ဆန်၊ ရာဘာ၊ ပင်လယ်စာနှင့် သကြားစသည့်ထုတ်ကုန်များကို ကမ္ဘာပေါ်တွင်အများဆုံးတင်ပို့သောနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးဌာနက ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်တန်ဖိုးသည် ဘတ်ငွေ (၁.၃) ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၆.၆ ဘီလီယံ) ရှိကြောင်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် စိုက်ပျိုးနည်းစနစ်များ၌ အသိပညာနည်းပါးခြင်းကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည်မပြည့်ဝမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဗြိတိသျှစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လိုခြင်း ဖြစ်သည်။ ကျန်းမာရေးကဏ္ဍ၌ နှစ်နိုင်ငံလုံးက ကျန်းမာရေးဆိုင်ရာထုတ်ကုန်များ ဝယ်ယူတင်သွင်းနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေသွားကြမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်သော ကဏ္ဍတစ်ရပ်ဖြစ်လာမည် ဖြစ်သည်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အကောင်းဆုံးနိုင်ငံများအနက်အဆင့်(၁၃)တွင် ရပ်တည်လျက်ရှိပြီး နော်ဝေ၊ နယူးဇီလန်၊ ဂျာမနီ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ အထက်တွင် ရှိသည်။ ယူနိုက်တက်ကင်းဒမ်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကောင်းဆုံးနိုင်ငံများစာရင်း၏ အဆင့် (၁၀) တွင် ရပ်တည်လျက်ရှိကြောင်း CEOWORLD မဂ္ဂဇင်းက ဖော်ပြထားသည်။

ထို့အပြင်ထိုင်းအစိုးရသည် နိုင်ငံကိုဆေးဝါးကုသရေးကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆေးကုသရေးကိရိယာများ

ထုတ်လုပ်မှု၌ အချက်အခြာနိုင်ငံတစ်ခုဖြစ်လာအောင် အားထုတ်ဆောင်ရွက်လိုသော ဆန္ဒရှိနေပါသည်။ ၂၀၁၉ ခုနှစ်ကပ်ရောဂါကာလမတိုင်မီက ထိုင်းနိုင်ငံသို့ ဆေးဝါးကုသရန်လာရောက်သော ကမ္ဘာလှည့်ခရီးသည်အရေအတွက်(၄)သန်းကျော်ရှိခဲ့သည့်အတွက် ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင်ဆေးဝါးကုသရေး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၌ အဆင့်(၁)တွင်ရပ်တည်လျှက်ရှိပါသည်။ အဆိုပါ ကမ္ဘာလှည့်ခရီးသွားများသည် စရိတ်စကသက်သာ၍ အရည်အသွေးမြင့်မားသောဆေးဝါးကုသမှုများခံယူနိုင်သည့်အတွက် ထိုင်းနိုင်ငံကိုရွေးချယ်လာရောက်ကြခြင်းဖြစ်ပြီး အထူးသဖြင့် အလှအပဆိုင်ရာခွဲစိတ်ကုသခြင်း၊ နှလုံးရောဂါကုသခြင်း၊ အရိုးအကြောကုသခြင်း၊ သန္ဓေသားရယူနိုင်ရန်ကုသပေးခြင်းနှင့် မျက်စိခွဲစိတ်ကုသခြင်းတို့က ထင်ရှားသည်။၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆေးဝါးကုသရေးဆိုင်ရာ ကိရိယာများတင်ပို့မှုတန်ဖိုးမှာအဆိုပါကိရိယာများ၏ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ(၂.၆) ဘီလီယံ၏ နှစ်ဆနီးပါးရှိပြီး၊ အမေရိကန်ဒေါ်လာ (၅)ဘီလီယံတန်ဖိုးရှိကြောင်း သိရှိရပါသည်။ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကဏ္ဍ၌ ထိုင်းဗဟိုဘဏ်သည် ဘဏ္ဍာရေးကဏ္ဍဆန်းသစ်တီထွင်မှု၊ စီးပွားရေးလုပ်ငန်းများ စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်း၊ ဘဏ္ဍာငွေရေးရှည်တောင့်တင်းခိုင်မာရန်နှင့်စာရင်းဆိုင်ရာစံချိန်စံညွှန်းများ ပိုမိုအားကောင်းစေရန် ယူနိုက်တက်ကင်းဒမ်းနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ရှိနေပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရသည်စီးပွားရေးကဏ္ဍ ပြန်လည်ထူထောင်ရန်နှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ကူညီပံ့ပိုးရန်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို ထိုင်းဗဟိုဘဏ်နှင့်ဆောင်ရွက်ခဲ့သည်။ ယူနိုက်တက်ကင်းဒမ်း၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍသည် ၂၀၂၀ ပြည့်နှစ်တွင် OECD နိုင်ငံများအနက်တတိယအကြီးဆုံးဖြစ်ပြီး စတာလင်ပေါင် (၁၆၄) ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၀၁ ဘီလီယံ) တန်ဖိုးရှိသည်။ နိုင်ငံ၏စုစုပေါင်း စီးပွားရေးကုန်ထွက်တန်ဖိုး၏ (၈.၆) ရာခိုင်နှုန်းရှိကာ အဆိုပါကဏ္ဍသည် လန်ဒန်၏အကြီးဆုံး ကဏ္ဍတစ်ရပ်လည်းဖြစ်သည်။ ထိုင်းနိုင်ငံသည် ၎င်း၏ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးရေး၌ သိသိသာသာတိုးတက်အောင် ဆောင်ရွက်ခဲ့ပြီးအထူးသဖြင့် ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကြပ်အတည်းကာလကတည်းက ထိခိုက်ခဲ့သောနိုင်ငံ၏ ဘဏ္ဍာရေးစနစ်ပြန်လည်ကောင်းမွန်ရန်နှင့် စံချိန်စံညွှန်းများပိုမိုတိုးတက်လာရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် ၎င်း၏ဘဏ်လုပ်ငန်းကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ ဘဏ္ဍာရေးလုပ်ငန်း(၅၆) ခုကို ပိတ်သိမ်းခြင်းနှင့် နိုင်ငံပိုင်ပြုခြင်းကို မြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စားဘဏ်များကို နိုင်ငံခြားဘဏ်များနှင့် လုပ်ငန်းပူးပေါင်းလုပ်ကိုင်စေခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။

Source: Aseanbriefing (ကောင်းထွဋ်အောင်)

## အိန္ဒိယနိုင်ငံအတွင်းသို့ ရွှေသတ္တုတင်သွင်းမှုအပေါ်တွင် သွင်းကုန်အခွန်နှုန်းထားတိုးမြှင့်သတ်မှတ်




အိန္ဒိယနိုင်ငံအတွင်းသို့ ရွှေသတ္တုများတင်သွင်းရာတွင် အခြေခံသွင်းကုန်အခွန် ကောက်ခံမှုနှုန်းထားအား ၇.၅ ရာခိုင်နှုန်း ၁၂.၅ ရာခိုင်နှုန်းတို့မြှင့်လိုက်ကြောင်း အိန္ဒိယအစိုးရက ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့(သောကြာနေ့)တွင် သတင်း ထုတ်ပြန်ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ပေါ်တွင် ဒုတိယမြောက်ရွှေဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: The Economic Times (ထွန်းအောင်ဇော်)

## တောင်ကိုရီးယားအစိုးရသစ်၏ စီးပွားရေးရာမူဝါဒတွင် ပုဂ္ဂလိကကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် အခွန်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးသွားမည်

တောင်ကိုရီးယားသမ္မတ Yoon Suk-yeol အစိုးရ၏ ပထမဆုံးသော အဓိကစီးပွားရေးမူဝါဒဆိုင်ရာ လမ်းပြမြေပုံ (Economic Policy Roadmap) တွင် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့၍ ကော်ပိုရိတ်အခွန်များကို (၂၅) ရာခိုင်နှုန်းမှ(၂၂)ရာခိုင်နှုန်းထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် (Organization for Economic Cooperation and Development-OECD) အဖွဲ့ဝင်နိုင်ငံများ၏ ပျမ်းမျှနှုန်းအရဖြစ်ပြီး၊ ပုဂ္ဂလိကကဏ္ဍဦးဆောင်မှုဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးမည်ဟု သမ္မတ Yoon Suk-yeol က ကတိပြုထားသည့်အတွက် ပုဂ္ဂလိကကဏ္ဍအား မြှင့်တင်ပံ့ပိုး




ပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြင့်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုတိုးတက်စေရေးတို့အတွက် ဖြစ်ကြောင်း၊ အစိုးရက ကုမ္ပဏီများအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို မှန်ကန်စွာဆောင်ရွက်နိုင်ရန် ခွင့်ပြုပါက စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး လူလတ်တန်းစားနှင့် ဝင်ငွေနည်းသူများ၏ အသက်မွေးဝမ်းကြောင်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သမ္မတ Yoon Suk-yeol က (၁၆-၆-၂၀၂၂) ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ လက်ရှိစီးပွားရေးရာအခြေအနေများအရ တောင်ကိုရီးယားအစိုးရသည် ၂၀၂၂ ခုနှစ် စီးပွားရေးတိုးတက်မှုအလားအလာကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် (၃.၁) ရာခိုင်နှုန်းအဖြစ် ခန့်မှန်းထားခဲ့ရာမှ (၂.၆) ရာခိုင်နှုန်းသို့ လျှော့ချပြင်ဆင်ခဲ့ပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယခု ၂၀၂၂ ခုနှစ်၏ ငွေကြေးဖောင်းပွမှု အလားအလာအား မူလခန့်မှန်းချက် (၂.၂) ရာခိုင်နှုန်းမှ (၁၄) နှစ်အတွင်း အမြင့်ဆုံးအဖြစ် (၄.၇) ရာခိုင်နှုန်းသို့ သိသိသာသာ မြှင့်တင်၍ ခန့်မှန်းထားပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီးပွားရေးတိုးတက်မှု အလားအလာခန့်မှန်းချက်သည် တောင်ကိုရီးယားဗဟိုဘဏ် (Bank of Korea- BOK) ၏ ခန့်မှန်းချက်ဖြစ်သော (၂.၇) ရာခိုင်နှုန်းထက် လျော့နည်းနေကြောင်းနှင့် အစိုးရ၏ငွေကြေးဖောင်းပွမှုခန့်မှန်းချက်သည် BOK ၏ ခန့်မှန်းချက် (၄.၅) ရာခိုင်နှုန်းထက် မြင့်မားနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့စီးပွားရေးတွင် မသေချာမရေရာမှုများက မြင့်မားလာခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးသည် တိုးတက်မှုနှေးကွေးလာမှုနှင့်အတူ ငွေကြေးဖောင်းပွမှု ပိုမိုမြင့်မားလာခြင်းတို့ကြောင့် စီးပွားရေးရာမတည်မငြိမ်ဖြစ်နိုင်သည့် အန္တရာယ်နှင့်ရင်ဆိုင်နေရချိန်တွင် နိုင်ငံအတွက် စီးပွားရေးရာမူဝါဒအသစ်ဖြစ်သော Economic Policy Roadmap ကို ချမှတ်လိုက်ခြင်းဖြစ်ပါသည်။ လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် ဖွံ့ဖြိုးမှုအားနည်းနေသောကဏ္ဍများ၊ ကလေးမွေးဖွားနှုန်းနည်းပါး သဖြင့် နိုင်ငံ၏လူဦးရေတိုးတက်မှုနှုန်း သိသာစွာလျော့ကျလာခြင်းနှင့်လျှင်မြန်စွာအိုမင်းခြင်း စသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်း ရန်လည်းလိုအပ်လျက်ရှိပါသည်။ Semiconductor များကဲ့သို့သော ဆန်းသစ်တီထွင်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုကျယ်ပြန့်သော အခွန်မက်လုံးများပေးဆောင်ရန်လည်း စီစဉ်လျက်ရှိကြောင်း၊ Economic Policy Roadmap အသစ်သည် ကြိုးနီစနစ်များကို ဖယ်ရှားနိုင်ရန်နှင့် ဈေးကွက်တွင် တီထွင်ဖန်တီး နိုင်မှုအမြင့်မားဆုံးဖြစ်စေရန် ရည်ရွယ်သည့် ခိုင်မာသောစည်းမျဉ်းများကိုလည်း ဗဟိုပြုထားကြောင်း၊ အရင်းအနှီးဈေးကွက် ပိုမိုကြီးမားကျယ်ပြန့်လာစေရန်အတွက် အစိုးရသည် စတော့ရှယ်ယာလွှဲပြောင်းမှုမှ အရင်းအနှီးရရှိမှုအပေါ် အခွန်ကောက်ခံမှုကို နှစ်နှစ်ကြာ ဆိုင်းငံ့ထားမည်ဖြစ်ပြီး စတော့ရှယ်ယာရောင်းဝယ်မှုများအပေါ် အခွန်လျှော့ချပေးမည်ဖြစ်ကြောင်း၊ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများ တဟုန်ထိုးတိုးမြင့်နေသည့်အတွက် အစိုးရ၏အိမ်ခြံမြေမူဝါဒနှင့် ပတ်သက်၍ ပြည်သူအများစု၏ မကျေနပ်မှုများကြောင့် အိမ်ရာဈေးကွက်တည်ငြိမ်စေရန် အိမ်ခြေ (၂.၅) သန်းကျော်ကို ထောက်ပံ့ပေးရန်လည်း စီစဉ်ထားကြောင်း၊ အိမ်ရာနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များသက်သာစေရန် အိမ်အငှားများနှင့်ပတ်သက်သည့် အခွန်များနှင့် လုံးချင်းအိမ် ပိုင်ရှင်များအတွက် အိမ်ရာပိုင်ဆိုင်ခွန်၏ ပေးချေမှုဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးရန် လည်းရည်ရွယ်ထားကြောင်း၊ ပထမအကြိမ်အိမ်ဝယ်သူများသည် ဝမ်သန်း (၆၀၀) အထိ ချေးငွေထုတ်ယူနိုင်မည်ဖြစ်ပြီး လက်ရှိခွင့်ပြုပမာဏဖြစ်သော ဝမ်သန်း (၄၀၀) ထက် သိသာစွာ တိုးတက်လာမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ စီးပွားရေးရာမျှော်မှန်းချက်အသစ်တွင် ပို့ကုန်သည် ယခု ၂၀၂၂ ခုနှစ်တွင် (၁၁) ရာခိုင်နှုန်းတိုးတက်

လာမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်မှန်းထားပြီး၊ ယခင်နှစ်တွင်(၂၅.၇) ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ တိုးတက်မှုသည် ပြန်လည်နှေးကွေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထိန်းချုပ်မှုအစီအမံများနှင့် နောက်ဆုံးခွင့်ပြုထားသည့် စံချိန်တင် ဖြည့်စွက်ရန်ပုံငွေဖြစ်သော ဝမ် (၆၂) ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံ)ကို အကောင်အထည်ဖော်မှုတို့ကြောင့် ပုဂ္ဂလိကအသုံးစရိတ်သည် ၂၀၂၂ ခု နှစ်တွင် (၃.၇) ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း လေ့လာသိရှိရပါသည်။

Source: The Korea Times (ဝင်းပပသူ)

## စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာဆိုင်ရာ လေ့လာရေးအစီအစဉ်အရ ကိုရီးယားခရီးစဉ်သို့ မြန်မာကုမ္ပဏီများ သွားရောက်လေ့လာ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Korea Food Research Institute (KFRI)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများ၏ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးရန်နှင့် ပို့ကုန်မြှင့်တင်ရန် မြန်မာနှင့် ကိုရီးယားနိုင်ငံတို့၏ စားသောက်ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ရည်ရွယ်၍ Korea– Myanmar Tech–nology Advice and Solutions from Korea (TASK) for Food Processing Industry စီမံကိန်းကို ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ စီမံကိန်း၏လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ ၁၁ ရက်နေ့ထိ ကျင်းပပြုလုပ်သည့် စားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာ လေ့လာရေးခရီးစဉ်ကို မြန်မာနိုင်ငံမှ စားသောကုန်ထုတ်လုပ်သည့် ကုမ္ပဏီ(၁၀) ခုမှ ကိုယ်စားလှယ်များသွားရောက်ခဲ့ကြပြီး ကိုရီးယားနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်သည့်ကဏ္ဍကို လေ့လာခဲ့ကြပါသည်။ အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကိုရီးယားနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများဖြစ်သော လက်ဖက်ခြောက်စက်ရုံ၊ ကော်ဖီစက်ရုံ၊ အချိုရည်စက်ရုံ၊ ငရုတ်သီးစက်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး ကိုရီးယားရှိ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများမှ ကျွမ်းကျင်ပညာရှင်များက မြန်မာကုမ္ပဏီများ ရင်ဆိုင်တွေ့ကြုံနေရသည့် စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာ ဆိုင်ရာအခက်ခဲများကိုအကြံဉာဏ်ပေးခြင်းနှင့်နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

တင်ပြသူ-ဝင်းပပသူ

## Brexit နောက်ပိုင်း ဗြိတိန်စီးပွားရေး

Brexit နောက်ပိုင်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်နိုင်မည်မဟုတ်ကြောင်း OECD အဖွဲ့မှ ခန့်မှန်းချက်ထုတ်ပြန်ခဲ့ပါသည်။ လက်ရှိတွင် ဗြိတိန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း သည် OECD အဖွဲ့ဝင်နိုင်ငံများတွင် အဆိုးရွားဆုံး အခြေအနေတွင်ရှိပြီး ၂၀၂၃ ခုနှစ်တွင်G-7 နိုင်ငံများအနက် စီးပွားရေးတိုးတက်မှု နှုန်းအနိမ့်ဆုံးသို့ ရောက်ရှိသွားနိုင်ပါသည်။ Covid-19 ကူးစက်ရောဂါကြောင့် နိုင်ငံအားလုံးနီးပါး စီးပွားရေးဆိုင် ရာရိုက်ခတ်မှုများ ကြုံတွေ့ ရသော်လည်း ဗြိတိန်နှင့် နှိုင်း ယှဉ်ပါက အခြားတိုးတက်ပြီးနိုင်ငံများ၏ စီးပွားရေးပြန် လည်နာလန်ထူမှုသည် မြန်ဆန်သော်လည်း ဗြိတိန်တွင် ၂၀၀၈ ခုနှစ် ငွေကြေးအကျပ်အတည်း၏ သက်ရောက်မှုများကို လက်ရှိအချိန်အထိတွေ့မြင်နေရဆဲဖြစ်ပါသည်။ ထို့ကြောင့် ဂျီဒီပီတိုးတက်မှုနှုန်း၊ ထုတ်ကုန်ဖွံ့ဖြိုးမှုနှုန်းစသည်တို့ နိမ့်ဆင်းသွားပြီး၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ(SMEs) အနေဖြင့်လည်း ဈေးကွက်ဆုံးရှုံးမှုကို ကြုံတွေ့နေရပါသည်။ မြောက်အိုင်ယာလန်ပရိုတိုကောလ်နှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် ဗြိတိန်အကြား တင်းမာမှုများမှာ ယခုအတိုင်းဆက်လက်သွားပါက ကုန်သွယ်ရေးစစ်ပွဲနှင့် ရင်ဆိုင်သွားရနိုင်သည့်အပြင် မြောက်အိုင်ယာလန် ပြည်နယ်၏ ငြိမ်းချမ်းရေးကို ထိခိုက်လာနိုင်ပါသည်။ Brexit နောက်ပိုင်း စတာလင်ပေါင်ဈေးနှုန်းကျဆင်းမှုကြောင့် သွင်းကုန်တန်ဖိုးမြင့်တက်လာကာ နေထိုင်မှုစရိတ် ကြီးမြင့်မှုအကျပ်အတည်းကို ရင်ဆိုင်နေရပြီး ဗြိတိန်-ဥရောပသမဂ္ဂအကြား ဆက်ဆံရေးတင်းမာနေပါက ဒေါ်လာ၊ ယူရိုတို့နှင့် နှိုင်းယှဉ်လျှင် စတာလင်ပေါင်တန်ဖိုးဆက်လက် ကျဆင်းသွားမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့်လည်း လက်ရှိအကျပ်အတည်းကို ဖြေရှင်းပေးနိုင်မည်ဆိုသည့် အာမခံချက်မရှိဘဲ ငွေကြေး

ဖောင်းပွမှုနှုန်း မြင့်တက်လာမှုကြောင့်လည်း လုပ်သားများ အနေဖြင့် လစာဖြတ်တောက်ခံရမှုများ ကြုံတွေ့နိုင်ဖွယ်ရှိပါသည်။ စစ်တမ်းတစ်ခုတွင်ဖော်ပြချက်အရ ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၏ ဘုံဈေးကွက်တွင် ဆက်လက်ရှိနေမည်ဆိုပါက ယခုကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ကျဆင်းသွားမည်မဟုတ်ဘဲ Brexit ကိုထောက်ခံခဲ့သည့် မီဒီယာများမှပင်လျှင် Brexit ကြောင့် ကြုံတွေ့နေရသည့် ပြဿနာများကို မီးမောင်းထိုးပြမှုများ ရှိလာပါသည်။

Source: The Guardian https://www.theguardian.com/politics/commentisfree/2022/jun/12/observer-view-on-uk-dire-economic-outlook (လဲ့လဲ့နှင်း)

## အီးယူနှင့် နယူးဇီလန်နိုင်ငံတို့အကြား FTA လက်မှတ်ရေးထိုးခဲ့

အီးယူနှင့် နယူးဇီလန်နိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreement-FTA) တစ်ရပ်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဥရောပကော်မရှင်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၎င်း FTA အရ နှစ်ဘက်ကုန်သွယ်မှုတွင် အကောက်ခွန်နှုန်းထားများကို ဖြေလျှော့ဖယ်ရှားသွားမည်ဖြစ်ပြီး၊ ရေရှည်တည်တံ့မှုဆိုင်ရာ လိုက်နာရန်အချက်များအပါအဝင် ဥရောပရှိ အမဲသားနှင့် သိုးသားမွေးမြူထုတ်လုပ်သူများအတွက် အကာအကွယ်ပေးမှုများ ကိုလည်း ထည့်သွင်းထားကြောင်း သိရပါသည်။ အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သည် အီးယူနှင့် နယူးဇီလန် နှစ်ဘက်စလုံးမှ စားသုံး သူများ၊ လယ်သမားများနှင့် ကုမ္ပဏီများအတွက် အခွင့်အလမ်းများကို ယူဆောင်လာခြင်း ဖြစ်သည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen က ပြောကြားခဲ့ပါသည်။ အီးယူ၏ ကုန်သွယ်ရေးသဘောတူညီချက်များတွင် ရေရှည်တည်တံ့မှု (Sustainability) ဆိုင်ရာလိုက်နာရန်အချက်များကို ပိုမိုခိုင်မာအားကောင်းစေရေးအတွက် လိုအပ်ပါက အရေးယူပိတ်ဆို့မှုများဖြင့် ဆောင်ရွက်သွားမည့် အီးယူကုန်သွယ်မှု မူဝါဒအတွက် ချဉ်းကပ်မှုပုံစံအသစ် (new approach) ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဥရောပကော်မရှင်က အဆိုပြုခဲ့ရာ ယခု FTA တွင် အီးယူက Trade and Sustainable Development ဆီသို့ချဉ်းကပ်မှုပုံစံအသစ်အား ပထမဦးဆုံး ထည့်သွင်းချုပ်ဆိုခဲ့ခြင်းလည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် အီးယူ-နယူးဇီလန် ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါရီရာသီဥတုဆိုင်ရာသဘောတူညီချက် (Paris Climate Agreement) ကို လေးစားလိုက်နာရေးနှင့်စပ်လျဉ်း၍ အရေးယူပိတ်ဆို့မှုပြုလုပ်နိုင်သည့် ကတိကဝတ်များပါဝင်ကြောင်း၊ ထို့အပြင် လုပ်သားဆိုင်ရာစံနှုန်းများ၊ ကုန်သွယ်မှုနှင့် ကျား/မ တန်းတူညီမျှမှုဆိုင်ရာအခန်း (Chapter on trade and gender equality) စသည်တို့လည်း ပါဝင်ကြောင်း သိရပါသည်။ ယခုကုန်သွယ်ရေး သဘောတူညီချက်တွင် ရေရှည်တည်တံ့မှုဆိုင်ရာ လိုက်နာရန်အချက်များကို ယခင် FTA များနှင့်မတူဘဲ ထည့်သွင်းထားခြင်းဖြစ်ပြီး၊ တစ်ဘက်ဘက်မှ လိုက်နာရန် ပျက်ကွက်ခဲ့လျှင် အရေးယူပိတ်ဆို့မှုများဆောင်ရွက်နိုင်ကြောင်း၊ သို့ရာတွင် နှစ်ဘက်စလုံးအတွက် လက်ငင်း အကျိုးရှိစေမည့် အကောက်ခွန်လျှော့ချမှုများလည်းပါဝင်ပြီး၊ ဥရောပမှ ကားနှင့်အထည်အလိပ်များအတွက် လက်ရှိအခွန်နှုန်းထား (၅ - ၁၀) ရာခိုင်နှုန်းအား FTA စတင်အသက် ဝင်ချိန်၌ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရပါသည်။


အီးယူ-နယူးဇီလန် FTA အတွက် စေ့စပ်ညှိနှိုင်းမှုများကို (၄) နှစ်ကြာဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအတွက် ခက်ခဲသည့် ညှိနှိုင်းမှုများ ရှိခဲ့ကြောင်း၊ ဥပမာအားဖြင့် ဥရောပ၏ ထုတ်ကုန်ပေါင်း (၂၀၀၀) ကျော် (အထူးသဖြင့် ဝိုင် စသည့်ထုတ်ကုန်) အား ပထဝီဒေသဆိုင်ရာအညွှန်း (geographical indications) မှ တစ်ဆင့် အကာအကွယ်ပေးထားကြောင်း၊ အမဲသား၊ သိုးသားနှင့် နို့ထွက်ပစ္စည်းများအတွက်လည်း အကာအကွယ်ပေးမှုအစီအမံ အချို့ကို အီးယူမှ ဆက်လက်ထိန်းသိမ်းထားကြောင်း၊ နယူးဇီလန်နိုင်ငံမှ ကီဝီသီးများသည် ယင်း FTA အရ ဥရောပဈေးကွက်သို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဝင်ရောက် နိုင်မည်ဖြစ်ကြောင်း သိရပါသည်။ အီးယူ-နယူးဇီလန် FTA စတင်အသက်ဝင်ရန်အတွက် ဥရောပပါလီမန်နှင့် အီးယူအဖွဲ့ဝင် (၂၇) နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများက အတည်ပြုရမည် ဖြစ်ပါသည်။ အီးယူ၏ညှိနှိုင်းဆဲ ကုန်သွယ်ရေးသဘောတူညီချက်များမှာ နှစ်အတန်ကြာ တံ့ဆိုင်းနေခဲ့ပြီး နောက်တွင် ဥရောပကော်မရှင်အနေဖြင့် အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လိုသည့် FTA များရှိနေပြီး၊ ယခုသဘောတူညီချက်သည် ယင်းတို့အနက် ပထမဆုံး လက်မှတ်ရေးထိုးခဲ့သည့် FTA ဖြစ်ကြောင်း၊ အီးယူ-အိန္ဒိယ ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရပါသည်။

တင်ပြသူ- (ကျော်စိန်ဝင်း)


## ဂျာမနီနိုင်ငံကုန်သွယ်မှုနှင့် စက်သုံးဆီဈေးနှုန်းများ အခြေအနေ

ဂျာမနီနိုင်ငံသည် တတိယကမ္ဘာ့အကြီးဆုံးပို့ကုန် တင်ပို့သူဖြစ်ပြီး ပို့ကုန်တန်ဘိုးသည် နိုင်ငံစီးပွားရေး၏ ထက်ဝက်ခန့်ရှိပါသည်။ ၂၀၂၁ခုနှစ်တွင် ပို့ကုန် ယူရို **(၁၃၇၅.၆၅၈)**ဘီလီယံနှင့် သွင်းကုန် ယူရို **(၁၂၀၃.၁၇၄)**ဘီလီယံ ရှိပြီး ကုန်သွယ်မှုပိုငွေ ယူရို **(၁၇၂.၄၈၄)** ဘီလီယံ ရှိခဲ့ပါသည်။ ၂၀၂၂ ခု နှစ်မေလအတွင်း စုစုပေါင်း ပို့ကုန်တန်ဘိုး ၁၂၂.၃၀၀ ဘီလီယံရှိခဲ့ပြီး အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်တန်ဘိုး ယူရို **(၅၇.၇)** ဘီလီယံရှိခဲ့ရာ ဧပြီလထက် ၁.၁ ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သည့်နိုင်ငံမှာ အမေရိကန်နိုင်ငံသို့ ဖြစ်ပြီး တန်ဘိုးအားဖြင့် ယူရို(၁၃.၆)ဘီလီယံဖြစ်ကာ ကာလတူ ၂၀၂၁ ခုနှစ်မေလထက် အမေရိကန်နိုင်ငံသို့ ၄၉.၇ ရာခိုင်နှုန်းပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အခြားတင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံသို့ ယူရို (၉.၃) ဘီလီယံ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ယူရို(၅.၉) ဘီလီယံ တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် အသီးသီး ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ရုရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ဧပြီလတွင် ယူရို(၀.၈) ဘီလီယံနှင့် မေလတွင် ယူရို(၁.၁) ဘီလီယံတို့ဖြစ်ကာ ၂၀၂၁ ခုနှစ် ကာလတူထက် ၆၄.၁ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အသီးသီးကျ ဆင်းခဲ့ပါသည်။ ရုရှားနိုင်ငံအနေဖြင့် မေလတွင် ဂျာမနီနိုင်ငံ၏ ပို့ကုန်နိုင်ငံများအနက် အဆင့် (၁၀) နေရာတွင် ရှိနေပါ သည်။ ဂျာမနီနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်များမှာ မတ်လတွင် ယူရို (၁.၀၀၁) ဘီလီယံ ရှိခဲ့ရာမှ ဧပြီလတွင် ယူရို (၈၆၇.၁၀)သန်းသို့ ကျဆင်းခဲ့သည်။


သွင်းကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ၌ စုစုပေါင်း သွင်းကုန်တန်ဘိုး ယူရို (၁၂၁.၄၅၄) ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို (၁၆.၇)ဘီလီယံတင်သွင်းမှုရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၅၂.၈ ရာခိုင်နှုန်း ပိုမိုတင်သွင်းမှုရှိခဲ့ပါသည်။ တရုတ်နိုင်ငံမှ အဓိကတင်သွင်းကုန်များမှာ ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ Chemical products ၊ Data processing equipment များဖြစ်ကြပါသည်။ ရုရှားနိုင်ငံမှ ယူရို(၃.၇)ဘီလီယံဘိုး တင်သွင်းခဲ့ပြီး ရေနံနှင့်ဓါတ်ငွေ့၊ ကျောက်မီးသွေးနှင့် refined petroleum products တို့ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်မှစ၍ လအလိုက် ကုန်သွယ်မှုပိုငွေ ဖြစ်ပေါ်ခဲ့မှုအခြေအနေအား အောက်ပါအတိုင်း တွေ့ရှိရပြီး ၂၀၂၂ ခုနှစ် ဧပြီလတွင် ပိုငွေ ယူရို (၀.၈)ဘီလီယံ ရှိခဲ့ပါသည်-




ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ခုနှစ် ဧပြီလအတွင်း တင်ပို့မှုမှာ ၂၀၂၂ ခုနှစ် မတ်လတွင် ယူရို (၁၉.၃၄၈)သန်းဖြင့် အများဆုံးတင်ပို့ခဲ့ပြီး ဧပြီလတွင် ယူရို(၇.၄၄၆)သန်းသို့ ရောက်ရှိခဲ့ကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-




ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ ၂၀၂၁ခုနှစ် မေလမှ ၂၀၂၂ခုနှစ် ဧပြီလအတွင်း တင်သွင်းမှုမှာလည်း ၂၀၂၂ ခုနှစ် မတ်လတွင် ယူရို (၁၂၁.၇၂၇)သန်းဖြင့် အများဆုံးတင်သွင်းခဲ့ပြီး ဧပြီလတွင် ယူရို (၁၀၄.၆၁)သန်း တင်သွင်းမှုရှိခဲ့ကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်–





၂၀၂၂ ခုနှစ် ပထမ သုံးလပတ်အတွင်း ဂျာမနီနိုင်ငံ၏ ဂျီဒီပီမှာ (၀.၂) ရာခိုင်နှုန်းအားဖြင့် တိုးတက်မှုရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလတွင် (၇.၉) ရာခိုင်နှုန်းရှိပါသည်။ ဂျာမနီနိုင်ငံတွင် အခြားအီးယူ အဖွဲ့ဝင်နိုင်ငံများနည်းတူ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျှက်ရှိပြီး ၁ လီတာလျှင် သတ်မှတ်နှုန်းဖြင့် အခွန်သက်သာခွင့်(ဓါတ်ဆီ၁လီတာလျှင် ၂၉.၅၅ ဆင့်၊ ဒီဇယ် ၁ လီတာလျှင် ၁၄.၀၄ ဆင့်)ကို ၃ လ (ဇွန်လမှဩဂုတ်လထိ) ပေးထားသည့်အစီအစဉ်ကြောင့် အချို့အိမ်နီးချင်းနိုင်ငံများထက် အနည်းငယ်ဈေးသက်သာနေခြင်း ရှိနေသည်။ အိမ်ခန်းဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ် ပထမ (၃) လအတွင်း ၂၀၂၁ ခုနှစ် ကာလတူထက် ၁၂ ရာခိုင်နှုန်း မြင့်တက်မှုရှိလာသလို စားသောက်ကုန်နှင့် အခြားကုန်စည်ဈေးနှုန်းများလည်း မြင့်တက်လာနေပါသည်။

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော အီးယူ(၂၇)နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာစက်သုံးဆီ ဈေးနှုန်းများ (အခွန်ပေးဆောင်မှု အပါအဝင်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**Sources:**https://tradingeconomics.com/germany/exports https://www.destatis.de/EN/Themes/Economy/Short-Term-Indicators/IMF/IMF_IWF.html?nn=22952#External (စီးပွားရေးသံမှူး–ဂျာမနီ)

| Eurosuper 95 | |
|---|---|
| EU – state | Euro per liter, as of 06/27/2022 |
| Hungary | 1.22 |
| Malta | 1.34 |
| Slovenia | 1.61 |
| Poland | 1.66 |
| Bulgaria | 1.71 |
| Romania | 1.73 |
| Cyprus | 1.82 |
| Croatia | 1.85 |
| Luxembourg | 1.90 |
| Slovakia | 1.91 |
| Germany | 1.93 |
| Czech Republic | 1.93 |
| Belgium | 2.04 |
| Lithuania | 2.05 |
| Italy | 2.07 |
| France | 2.09 |
| Latvia | 2.10 |
| Portugal | 2.10 |
| Austria | 2.10 |
| Spain | 2.13 |
| Estonia | 2.15 |
| Ireland | 2.17 |
| Sweden | 2.18 |
| Netherlands | 2.34 |
| Greece | 2.40 |
| Denmark | 2.44 |
| Finland | 2.52 |
| Diesel fuel | |
| EU country | Euro per liter, as of 06/27/2022 |
| Malta | 1.21 |
| Hungary | 1.46 |
| Poland | 1.68 |
| Slovenia | 1.72 |
| Bulgaria | 1.79 |
| Romania | 1.84 |
| Slovakia | 1.92 |
| Croatia | 1.93 |
| Czech Republic | 1.95 |
| Luxembourg | 1.96 |
| Cyprus | 1.98 |
| Lithuania | 2.01 |
| Italy | 2.03 |
| Germany | 2.05 |
| Portugal | 2.07 |
| Estonia | 2.07 |
| Austria | 2.08 |
| Spain | 2.10 |
| Latvia | 2.11 |
| Greece | 2.13 |
| France | 2.13 |
| Ireland | 2.15 |
| Belgium | 2.18 |
| Netherlands | 2.18 |
| Denmark | 2.27 |
| Finland | 2.49 |
| Sweden | 2.50 |

## ပြည်တွင်း ရေနံဈေးတက်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ဝက်ဆိုဒ်တွင် ဖော်ပြအသိပေး




တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ ဝဘ်ဆိုဒ်တွင် (၂၉-၆-၂၂) ရက်နေ့တွင် ဖော်ပြချက်အရ တရုတ်နိုင်ငံ၏ ရေနံထုတ်ယူမှု အချိုးသည် ၇၀ ရာခိုင်နှုန်းကို ကျော်လွန်သွားခဲ့ကြောင်း လက်ရှိရေနံကုန်ချောဈေးနှုန်းယန္တရားအရ ပြည်တွင်းရေနံကုန်ချော ဈေးနှုန်းသည် နိုင်ငံတကာဈေးကွက် ရေနံစိမ်းပေါက်ဈေးဖြင့် အလုပ်လုပ်ရက် ၁၀ ရက်လျှင်တစ်ကြိမ် ပျမ်းမျှဈေးနှုန်းကို ညှိနှိုင်းပြောင်းလဲသတ်မှတ်ကြောင်း (ဆီဈေးနှုန်းညှိနှိုင်းမှုနေ့မတိုင်မီ ၁၀ ရက်ပျမ်းမျှဈေးနှုန်းကို နိုင်ငံတကာရေနံဈေးအဖြစ်ယခုမှစ၍ နောင်တွင်ရည်ညွှန်း) နိုင်ငံတကာ ရေနံဈေးနှုန်းသည် တရုတ်နိုင်ငံ၏ဥပဒေအရ ကန့်သတ်ချက်၏အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို မြှင့်တင်ခြင်းမပြုရန် (သို့မဟုတ်) မူအရ ထိုပမာဏအောက်လျော့၍သာ ဈေးတက်ရန်ဖြစ်ကြောင်း ထုတ်လုပ်မှုအဆင့် နောက်ပိုင်းသုံးစွဲသူများနှင့် စားသုံးသူများအတွက် ဝန်ထုပ်ဝန်ပိုးလျှော့ချပေးရန်နှင့် အမှန်တကယ် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျစေရန် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာ ရေနံဈေးနှုန်းသည် ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည် လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီ နှင့် ဒီဇယ်ဈေးများကို ရေတို (နှစ်လထက်မကျော်လွန်သောကာလ)တွင် မြှင့်တင်ခြင်းမပြုရန်၊ အကယ်၍ နိုင်ငံတကာရေနံဈေးနှုန်း နှစ်လထက်ကျော်လွန်ဈေးတက်ပါက သင့်လျော်သောမူဝါဒနှင့် အစီအမံများဖြင့် ကြိုတင်သတ်မှတ်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။


တစ်ချိန်တည်းတွင်ပင် ဆီချောသန့်စင်သော အင်တာပရိုက်စ်များ၏ ထုတ်လုပ်ရန် စိတ်အားထက်သန်မှုကို ကာကွယ်သည့် အနေဖြင့်လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းပြီးတည်ငြိမ်သောကုန်ချောထုတ်လုပ်မှုကို သေချာစေရန်အတွက်လည်းကောင်း ဗဟိုအစိုးရမှ ရေနံချက်လုပ်သည့် လုပ်ငန်းများအား အချိန်မှန်ဈေးနှုန်း ထောက်ပံ့မှုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဈေးနှုန်း ညှိနှိုင်းမှုကာလအတွင်း ထောက်ပံ့ကြေးစံနှုန်းသည် ချိန်ညှိသော ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းပမာဏ ဖြစ်သင့်ကြောင်း ယင်းကို အရည်အချင်းပြည့်မီသော ရေနံချက်လုပ်ငန်းများ လုပ်ငန်းစဉ်အလိုက် လျှောက်ထားနိုင်ကြောင်း ဖော်ပြထားပါသည်။

Source: http://www.sunsirs.com/uk/detail_news-7815.html

(စီးပွားရေးသံမှူး-ကူမင်း)

## တရုတ်နိုင်ငံပြည်တွင်း ယူရီးယားဈေး ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ၂.၂၁ ရာခိုင်နှုန်း ကျဆင်းခဲ့

တရုတ်နိုင်ငံ၏ပြည်တွင်း ယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ၂.၂၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသောဇယားအရ ပြည်တွင်းယူရီးယားဈေးကွက်ပေါက်ဈေးသည် လွန်ခဲ့သည့်အပတ်က တစ်တန်လျှင် တရုတ်ငွေကြေး ၃၁၆၇ ယွမ် ရှိခဲ့ရာမှ ယခင်အပတ်က အနည်းငယ်ကျဆင်းခဲ့ပြီး ယခုသီတင်းပတ်ကုန်တွင် ၃၀၉၇ ယွမ်သို့ ၂.၂၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ယမန်နှစ်အလားတူကာလထက် ၁၅.၁၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ကုန်ကျစရိတ် ပံ့ပိုးမှုကောင်းမွန်၍ ထုတ်လုပ်မှုနောက်ပိုင်း ဝယ်လိုအားသည် ယေဘုယျသာဖြစ်သော်လည်း ယူရီးယားရောင်းလိုအားမှာ မြင့်မားပါကြောင်းဖော်ပြထားပါသည်။ အမြောက်အမြားထုတ်လုပ်သူများထံမှ အချက်အလက်များအရ တရုတ်နိုင်ငံရှိ ပင်မစက်ရုံထုတ် ယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့်အပတ်က အနည်းငယ်ကျဆင်းခဲ့ကြောင်း ဂျန်ရှူးစန် Zhangzhou San'an ယူရီးယား တစ်တန်လျှင် ယွမ် ၃၃၀၀ ဖြင့် ယခုသီတင်းပတ်တွင် ဈေးပေါက်ခဲ့ရာ လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်နှင့် နှိုင်းယှဉ်ပါက ယာယီဈေးနှုန်းတည်ငြိမ်




ခဲ့ကြောင်း ရှန်ဒုံးရှီဇင်း Shandong Ruixing ယူရီးယားတစ်တန်လျှင် ၃၀၆၀ ဖြင့် ဈေးပေါက်ခဲ့ပြီး ယခုသီတင်းပတ်တွင် တစ်တန်လျှင် ၉၀ ယွမ် ကျဆင်းသွားကြောင်း၊ Hualu Hengsheng ယူရီးယားသည် ယခုသီတင်းပတ်ကုန်တွင် ၃၀၈၅ ယွမ်/တန် ဈေးပေါက်ခဲ့ရာ လွန်ခဲ့သည့် နှစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ၂၀ ယွမ်ဈေး ကျဆင်းခဲ့ကြောင်း စက်မှုလုပ်ငန်းကွင်းဆက်၏ အထက်ပိုင်းနှင့် အောက်ပိုင်း အချက်အလက်များအရ ယူရီးယား၏ အထက်ပိုင်းထွက်ကုန်များသည် ယခင်အပတ်ကထက် အနည်းငယ်ကျဆင်းသွားကြောင်း ၊ liquefied natural gas LNG ဈေးနှုန်းသည် လွန်ခဲ့သည့်နှစ်ပတ်ကုန်တွင် တစ်တန်လျှင် ၆၃၆၂ မှ လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ၅၈၂၀ ယွမ်သို့ အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း ယခင်အပတ်က ၈.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်နှစ်ထက်တစ်နှစ် ၆၄.၅၆ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အင်သရာဆိုဒ် ကျောက်မီးသွေးဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း မေလမှ ဇွန်လအထိ အင်သရာဆိုဒ်ကျောက်မီးသွေးဈေးနှုန်းသည် တစ်တန်လျှင် ယွမ်၂၅၀ ခန့် မြင့်တက်ခဲ့ကြောင်း ယူရီးယားထုတ်လုပ်မှုအဆင့်နောက်ပိုင်းရှိ မယ်လမင်းဈေးသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်တွင် တစ်တန်လျှင် ၉၆၀၀ ယွမ်မှ ယခင်သီတင်းပတ်ကုန်တွင် ၉၅၃၃.၃၃ ယွမ်သို့ ယခင် အပတ်က အနည်းငယ်ကျဆင်းခဲ့ပြီး ၀.၆၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ဝယ်လိုအား၏ ရှုထောင့်မှနေ၍ စိုက်ပျိုးရေးဝယ်လိုအားသည် ယေဘူယျဖြစ်ပြီး စက်မှုကဏ္ဍလိုအပ်ချက်မှာ အဓိကအားဖြင့် နိုင်မာပါကြောင်း တောင်ဘက်တွင် မိုးရွာသွန်းမှုပိုများလာပြီး စိုက်ပျိုးရေးအပိုင်းမှ လိုအပ်ချက်လျော့နည်းလာကြောင်း ဒြပ်ပေါင်းဓာတ်မြေဩဇာနှင့် ရော်ဘာပြား စက်ရုံများ၏ လုပ်ငန်းများသည် ယေဘူယျအားဖြင့် ဝယ်ယူရန် လိုအပ်ရုံမျှသာဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းကိုစတင်ခဲ့ကြကြောင်း မယ်လမင်းဈေးအနည်းငယ်ကျလာပြီး ယူရီးယားဝယ်ယူမှုအပေါ် စိတ်အားထက်သန်မှု အားနည်းလာခဲ့သည်။ ရောင်းလိုအား ရှုထောင့်မှနေ၍ တစ်နေ့လျှင် ယူရီးယားအထွက်နှုန်းမှာ တန်ချိန် ၁၇၀၀၀၀ ခန့်ရှိကြောင်း မကြာသေးမီက အချို့သော ထုတ်လုပ်သူများသည် စက်ရုံပြုပြင်မွမ်းမံရန် စီစဉ်နေပြီး ယူရီးယားအထွက်နှုန်း လျော့ကျမည်ဟု မျှော်လင့်ရကြောင်း အနာဂတ်ဈေးကွက်တွင် ယူရီးယားဈေး အနည်းငယ် အတက်အကျရှိပြီး အဓိကအားဖြင့် ကျဆင်းခဲ့ကြောင်း ဇူလိုင်လ ပထမ ၁၀ ရက်အတွင်း ပြည်တွင်းယူရီးယားဈေးကွက်သည် အဓိကအားဖြင့် စုစည်းမှုကြောင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း ယူရီးယားလေ့လာသုံးသပ်သူများသည် ယူရီးယားထုတ်လုပ်မှု အထက်ပိုင်းရှိ အင်သရာဆိုဒ်ကျောက်မီးသွေးအတုံး ဈေးကွက်အနည်းငယ်တက်လာပြီး ကုန်ကျစရိတ် ထောက်ပံ့မှု ကောင်းမွန်မည်ဟု ယုံကြည်ကြကြောင်း ယူရီးယားထုတ်လုပ်မှု၏နောက်ပိုင်း စိုက်ပျိုးရေးဝယ်လိုအား အားနည်းလာကာ စက်မှုဝယ်လိုအားလွှမ်းမိုးလာသဖြင့် ယူရီးယားတင်ပို့မှုကို ကန့်သတ်ထားကြောင်း ယူရီးယားနေ့စဉ်ထုတ်လုပ်မှုသည် မြင့်မားသောအဆင့်တွင်ရှိပြီး ကျဆင်းမည့်မျှော်လင့်ချက်များရှိကြောင်း လက်ရှိမှာ ရောင်းလိုအားက ဝယ်လိုအားထက် ကျော်လွန်နေပြီး မကြာသေးမီက ယူရီးယားသည် အနည်းငယ်ကျဆင်းသွားနိုင်ကြောင်း သိရှိရပါသည်။

Source: http://www.sunsirs.com/uk/detail_news-7790.ht ml (စီးပွားရေးသံမှူး-ကူမင်း)

## ဂျာမနီနိုင်ငံတွင် Bio fach Organic ပြပွဲ ကျင်းပမည့်အစီအစဉ်

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်းအော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင် Messe Nuremberg တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြပွဲကို ကိုယ်တိုင်လာရောက် ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြပွဲတွင် အော်ဂဲနစ်စားသောက်ကုန်

**BIOFACH2022**
into organic

New date: July 26 - 29, 2022 // Nuremberg, Germany




များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့်မျိုးစေ့များ အစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက် ပြသကြမည်ဖြစ်သည်။ ထို့အပြင် ပြပွဲတွင်အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှု နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့် ရရှိမည်ဖြစ်ပါသည်။

ပြပွဲတွင် Organic Africa Pavilion ၌ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ်လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် Power Mawshan ကုမ္ပဏီက လာရောက်ပြသမည်ဖြစ်ပြီး Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့် ပါဝင်ပြသမည်ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီများ ပါဝင်ပြသမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio Trade စီမံကိန်းက စရိတ်မျှခံပံ့ပိုးပေးပြီး Helvetas မှ တာဝန်ရှိသူနှစ်ဦးလည်း ပြပွဲသို့လာရောက်မည် ဖြစ်ပါသည်။ ထို့ပြင် ပြပွဲလာရောက်သည့် ခရီးစဉ်အတွင်းလက်ရှိဂျာမန်အဝယ်တော်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက် သင့်သည်များအတွက် Helvetas အဖွဲ့အစည်းပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကို ပြုလုပ်ကြရန် စီစဉ်ထားရှိပါသည်။ Biofach Organic ပြပွဲသည် နိုင်ငံအနှံ့အပြားမှ အော်ဂဲနစ်ထုတ်ကုန်များ စုဝေးရာနေရာ တစ်ခုဖြစ်ပါသည်။ ၂၀၂၁ နှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် Digital Event အဖြစ် ပြောင်းလဲကျင်းပခဲ့ရာ Digital Event တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital Profile ကို မြန်မာထုတ်ကုန်များ၏ Profile များ၊ ဓာတ်ပုံနှင့် ဗီဒီယိုများပါဝင်၍ ပြသခဲ့ပါသည်။ ၂၀၂၂ခုနှစ် Biofach ပြပွဲကို ဖေဖော်ဝါရီလ၁၅ ရက် နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားရှိမှုကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ထိန်းချုပ်ကန့်သတ်မှုအစီအစဉ်အရ ဇူလိုင်လသို့ ပြောင်းရွှေ့ကျင်းပခြင်း ဖြစ်ပါသည်။

sources: https://www.biofach.de/en (စီးပွားရေးသံမှူး-ဂျာမနီ)

## တရုတ်နှင့် တောင်ကိုရီးယားအပါအဝင် ပြည်ပနိုင်ငံ ၃၄ နိုင်ငံအတွက် ခရီးသွားလာမှုဆိုင်ရာသတိပေးချက်အား ဂျပန်ဖြေလျှော့ခဲ့

တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယအပါအဝင် ပြည်ပ ၃၄ နိုင်ငံအတွက် ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်အား ဇွန်လ ၃၀ ရက်နေ့တွင် ဂျပန်အစိုးရက ဖြေလျှော့ပေးခဲ့သည့်အတွက် ဂျပန်နိုင်ငံတွင် နေထိုင်သူများအနေဖြင့် ၎င်းနိုင်ငံများသို့ မလိုအပ်ဘဲ ခရီးသွားခြင်းမှ ရှောင်ကြဉ်ကြရန် အဆိုပြုထားခြင်းကို ရုပ်သိမ်းလိုက်ကြောင်း သိရပါ

သည်။ ပြင်သစ်၊ ဂျာမနီနှင့် အီတလီတို့အပြင် အခြားဥရောပနိုင်ငံ ၁၁ နိုင်ငံအတွက် ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်အား အဆင့်လေးဆင့်ဖြင့် ချမှတ်ထားမှုမှ အနိမ့်ဆုံးအဆင့် ၁ သို့ လျှော့ချကာ အဆိုပါဒေသများသို့ သွားရောက်ကြမည့် ဂျပန်နိုင်ငံသားခရီးသွားများအား သတိထားကြရန် အကြံပြုထားပါသည်။ ထိုသို့ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်များကို အဆင့်ဆင့်လျှော့ချခဲ့ရာ အဆင့် ၁ အမျိုးအစားအောက်တွင် နိုင်ငံပေါင်း ၇၀ အထိ ရှိလာပြီဖြစ်ပါသည်။ ပြီးခဲ့သည့်မေလနှောင်းပိုင်းမှစ၍ ဂျပန်နိုင်ငံသည် အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် ဟောင်ကောင်တို့အပါအဝင် နိုင်ငံနှင့် ဒေသ ၃၆ ခုကို အနိမ့်ဆုံးအဆင့်သို့ သတ်မှတ်ခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံရှိ Gimpo လေဆိပ်နှင့် ဂျပန်နိုင်ငံရှိ Haneda လေဆိပ်တို့အကြား လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ပြီးနောက် နှစ်ရက်အကြာတွင် တောင်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်ကို ဖေလျှော့ပေးခဲ့ခြင်းဖြစ်ပါသည်။ COVID–19 ဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆိုပါလေဆိပ်နှစ်ခုအကြား လေကြောင်းခရီးစဉ်များ ပျံသန်းမှုကို နှစ်နှစ်ကျော်ဆိုင်းငံ့ထားခဲ့ရပါသည်။ တစ်ချိန်တည်းတွင် ထိုင်ဝမ်၊ အင်ဒိုနီးရှားနှင့် ဩစတြေးလျတို့ကဲ့သို့ အာရှနှင့် သမုဒ္ဒရာပိုင်းရှိ နိုင်ငံ ၁၆ နိုင်ငံအပါအဝင် နိုင်ငံနှင့် ဒေသ ၉၀ ခန့်သည် အဆင့် ၂ သတိပေးချက်အောက်တွင်သာ ရှိနေသေးပါသည်။ ခရီးသွားလာမှုရှောင်ရှားရန် ဂျပန်နိုင်ငံတွင် နေထိုင်သူများကို တိုက်တွန်းထားသည့် အဆင့် ၃ အကြံပေးချက်အောက်တွင်ရှိသည့် နိုင်ငံပေါင်း ၄၁ နိုင်ငံအတွက်မူ ဖြေလျှော့မှုများ မရှိသေးသည်ကို သိရပါသည်။

တင်ပြသူ- ဝင်းပပသူ

## Corporate Travel Management (CTM) သည် မြို့တော်တိုကျိုတွင် ပထမဆုံးရုံးဖွင့်လှစ်ခဲ့

Corporate Travel Management (CTM) သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၎င်း၏ပထမဆုံးသော ရာနှုန်းပြည့်ပိုင်ဆိုင်သည့်ရုံးခွဲကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရပါသည်။ ဟောင်ကောင်၊ စင်္ကာပူ၊ တရုတ်နှင့် ထိုင်ဝမ်စသည့် အာရှဒေသတွင် CTM အနေဖြင့် အခြေစိုက်ရုံးများ ဖွင့်လှစ်ဆောင်ရွက်နေပြီး အာရှဒေသတွင်း ထပ်မံတိုးချဲ့မှုအဖြစ် CTM Japan ကို ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။ အာရှဒေသတွင်း တိုးတက်လာသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဂျပန်နိုင်ငံ၏မြို့တော်တိုကျိုတွင် အခြေစိုက်ရုံးကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရပါသည်။ CTM Asia ၏ CEO ဖြစ်သူ Larry Lo က CTM ၏ လုပ်ငန်းလည်ပတ်မှုများကို ဂျပန်နိုင်ငံသို့ တိုးချဲ့ရန် ဆုံးဖြတ်ချက်သည် ဒေသတွင်း၊ ဂျပန်စီးပွားရေးလုပ်ငန်းများနှင့် ဒေသတွင်းတွင် လုပ်ကိုင်နေသော နိုင်ငံတကာ customer များနှင့် ဝန်ဆောင်မှုပေးနေသည့် ပြည်တွင်းရှိ customer များ၏ လိုလားချက်၊ တုံ့ပြန်ချက်များအရ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အလွန်ခိုင်မာသော ဖောက်သည်တုံ့ပြန်ချက်အပေါ်အခြေခံ၍အာရှဒေသအတွက် ၎င်းတို့၏တိုးတက်မှုဗျူဟာကို ပိုမိုခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အာရှဒေသတစ်ဝှမ်းတွင် နိုင်ငံတကာခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုများ ရုတ်သိမ်းပြီး ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်ကောင်းမွန်လာမှုသည် ဒေသတွင်းအတွက် ခရီးသွားလုပ်ငန်းတိုးတက်လာစေနိုင်မည်ဟု မျှော်လင့်ထားကြောင်း Larry ကပြောကြားခဲ့ပါသည်။

အာရှနှင့် နိုင်ငံတကာဈေးကွက်များရှိ customer များသည် CTM ၏ တူညီသော ဝန်ဆောင်မှုနှင့် နည်းပညာဆိုင်ရာ အတွေ့အကြုံများကို အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုနှင့် နည်းပညာဆိုင်ရာ မျှော်လင့်ချက်များရှိသည့် ဂျပန်ဈေးကွက်တွင်လည်း မျှဝေပေးစေလိုသည့် ၎င်းတို့၏ ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့ကြသည့်အတွက် CTM အနေဖြင့် တိုကျိုရုံးသစ်ကို ဖွင့်လှစ်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း Larry က ဖြည့်စွက်ပြောကြားခဲ့ပါသည်။ အာရှဒေသရှိ CTM ၏ ကွန်ရက်ဖြန့်ကျက်မှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စင်ကာပူ၌ Safe2Travel ကို ဝယ်ယူပြီးနောက် ဒုတိယဒေသတွင်းတိုးချဲ့မှုအဖြစ် တိုကျိုရုံးခွဲကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

Source: https://japantoday.com/ (ဝင်းပပသူ )

## ထိုင်းနိုင်ငံအနေဖြင့် တစ်နှစ်အတွင်း လျှပ်စစ်ကားများအား ကိုယ်တိုင်ထုတ်လုပ်နိုင်ရန် သံမိဌာန်ချမှတ်ထား

ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကားများအား ကိုယ်တိုင်ထုတ်လုပ်နိုင်ရန် ယခင်ရည်မှန်းချက်အစား ယခုအခါ တစ်နှစ်အတွင်းထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ၂၉-၆-၂၀၂၂ ရက်နေ့တွင် ကြီးမှူးကျင်းပခဲ့သည့် Seminar ပွဲတွင်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံအနေဖြင့် နောက်နှစ်တွင် လျှပ်စစ်ကားများ တပ်ဆင်ထုတ်လုပ်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိကြောင်း ပြောကြားခဲ့ခြင်းဖြစ်ပါ




သည်။ ဘက်ထရီများ၊ ဘက်ထရီစီမံခန့်ခွဲမှုဝန်ဆောင်မှုလုပ်ငန်း၊ Ac/Dc Converters ၊ inverters၊ portable EV chargers၊ electrical circuit breakers နှင့် EV smart charging systems တို့အားမကြာမီ ထုတ်လုပ်နိုင်သင့်သည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Foxconn Technology Group အနေဖြင့် တစ်နှစ်အတွင်း လျှပ်စစ်ကားထုတ်လုပ်နိုင်ရေး စီမံချက်ချ၍ဆောင်ရွက်လျှက်ရှိကြောင်း၊ ကနဦးထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် လျှပ်စစ်မော်တော်ကား ၅၀,၀၀၀ ထုတ်လုပ်ရန်ဖြစ်ကြောင်း၊ နောက်တစ်ဆင့်တွင် နှစ်စဉ်လျှပ်စစ်မော်တော်ကား ၁၅၀,၀၀၀ စီ ထုတ်လုပ်သွားရန်ဖြစ်ကြောင်း သိရှိရပါသည်။ ဝန်ကြီးချုပ်ပရာယွတ်က လျှပ်စစ်မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမှာ ထိုင်းစီးပွားရေးကို အဆင့်မြင့်နည်းပညာဖြင့် ဖေါ်ဆောင်ရန် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်က ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား၂၀၂၂ ခုနှစ်နှင့်၂၀၂၃ ခုနှစ်များတွင် ထိုင်းစီးပွားရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။ မိမိတို့ ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားခရီးသွားလုပ်ငန်းတွင် ပြန်လည်နာလန်ထူလာပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအား ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက်ယခုနှစ်တွင် ပြည်ပခရီးသွား (၁၀) သန်းခန့်ရောက်ရှိ လာနိုင်ကြောင်း၊၂၀၁၉ ခုနှစ်တွင် မှတ်တမ်းများအရ ပြည်ပခရီးသွားသန်း(၄၀)ခန့် ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းစီးပွားရေး ပြန်လည်နာလန်ထူလာစေရန်အတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား တိုးတက်ရန်ကတိပြုထားကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။ ရေရှည်အတွက် အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။ ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ထိုင်းအစိုးရအား လျှပ်စစ်မော်တော်ကား ထုတ်လုပ်မှုတွင် အင်ဒိုနီးရှား၏အထက်က ရှိနေစေရန်နှင့် ဒေသတွင်း၌ လျှပ်စစ်မော်တော်ကားထုတ်လုပ်မှု အချက်အချာဗဟိုဖြစ်စေရန် လျှပ်စစ်မော်တော်ကားဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် မော်တော်ကားနှင့် မော်တော်ကားအစိတ်အပိုင်းများထုတ်လုပ်မှု၌ ကောင်းမွန်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လျှပ်စစ်မော်တော်ကားများအတွက် အရင်းအမြစ်များပေါကြွယ်ဝကြောင်း၊၎င်းတွင်လစ်သီယမ်ဘက်ထရီထုတ်လုပ်ရာတွင်သုံးပြုသောနီကယ်များထွက်ရှိကြောင်း သိရှိရပါသည်။ လျှပ်စစ်မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် အလုပ်အကိုင်များစွာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၌အလုပ်သမားပေါင်း(၇)သိန်း ကျော်ရှိနေကြောင်း၊ အဆိုပါလုပ်သားများ၏ ကျွမ်းကျင်မှုများအနေဖြင့် ကားအသစ်ထုတ်လုပ်မှုနည်းပညာများနှင့်လိုက်လျောညီထွေဖြစ်စေလိမ့်မည်ဖြစ်ကြောင်းနှင့် အလုပ်သမားများ၏ လုပ်ခများလည်း တဖြည်းဖြည်း တိုးလာလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post (လွင်မျိုးဇော်)

## အင်ဒိုနီးရှားနိုင်ငံက စင်ကာပူနိုင်ငံသို့ ကြက်သား တင်ပို့တော့မည်ဟု စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက ပြောကြား

မလေးရှားနိုင်ငံမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များအား ပြည်ပသို့ တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံစားနပ်ရိက္ခာဌာန (Singapore Food Agency) သည် နိုင်ငံတွင်းလိုအပ်ချက်ကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် ကြက်သားရရှိနိုင်သည့် အရင်းအမြစ်များမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များအား တင်သွင်းခွင့်ပြုသွားရန် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် မကြာမီကာလအတွင်း စင်ကာပူနိုင်ငံသို့ ကြက်သားနှင့် ကြက်သားထုတ်ကုန်များကို တင်ပို့တော့မည်ဟု Channel News Asia(CNA) ၏ စုံစမ်းမေးမြန်းမှုအား အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စင်ကာပူနိုင်ငံအစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ကြက်အရှင်အပါအဝင် အအေးပေးကြက်သား၊ အေးခဲကြက်သားနှင့် ပြုပြင်စီမံထုတ်လုပ်ထားသည့် ကြက်သား ထုတ်ကုန်များအား သွင်းကုန်အနေဖြင့် တင်သွင်းခွင့်ပြုသွားမည်ဟု အသိပေးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ စင်ကာပူနိုင်ငံစားနပ်ရိက္ခာဌာန (Singapore Food Agency-SFA) ၏ ပြောကြားချက်အရ အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီ ၃ ခုအား ကြက်သားနှင့် ကြက်သားထုတ်ကုန်များ တင်သွင်းနိုင်ရန် အတည်ပြုထောက်ခံချက်များ ခွင့်ပြုထုတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါကုမ္ပဏီများအနက် ၂ ခုမှာ ထိုင်းနိုင်ငံအခြေစိုက် အစားအစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းစုကြီးဖြစ်သည့် Charoen Pokphand ကုမ္ပဏီ၏လက်အောက်ခံ အင်ဒိုနီးရှားကုမ္ပဏီတစ်ခုဖြစ်ပြီး အခြားတစ်ခုမှာ အင်ဒိုနီးရှားအေးခဲအစားအစာကုမ္ပဏီကြီး Japfa Comfeed ၏ လက် အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာန၊ တိရစ္ဆာန်ထုတ်ကုန်လုပ်ငန်းနှင့် ဈေးကွက်ရှာဖွေရေးဌာနမှ ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ အခြားကုမ္ပဏီ ၁၂ သည်လည်း စင်ကာပူနိုင်ငံသို့ ကြက်သားနှင့် ကြက်သားထုတ်ကုန်များ တင်ပို့နိုင်ရေး ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် SFA သို့ လျှောက်ထားတင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်လက SAF မှအဖွဲ့တစ်ဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ အစားအစာဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် တိရစ္ဆာန်ကျန်းမာရေး ထိန်းချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား လိုက်လံစစ်ဆေးမှုများ ပြုလုပ်သွားခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ကြက်မွေးမြူရေးခြံများ၊ သီးခြားထားရှိသည့်နေရာများနှင့် ဓါတ်ခွဲခန်းများအား ၎င်းတို့၏ စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။ SFA အနေဖြင့် အတည်ပြုထောက်ခံချက်ပေးနိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းဆိုင်ရာ အသေးစိတ်စိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်း (On-site) သွားရောက်စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ရကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကြက်သားဟင်းလျာနှင့် ကြက်သား ထုတ်ကုန်များအား ၂၀၂၂ ခုနှစ်အတွင်း တန် ၅.၉ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားရှိပါသည်။

စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနအနေဖြင့် ပြောကြားရာတွင် ယခုနှစ်အတွင်း ပြည်တွင်းလိုအပ်ချက်အတွက် တန် ၅.၃ သန်းခန့်လိုအပ်မည်ဟု ခန့်မှန်းထားပြီး ၎င်းသည်ပျမ်းမျှ တစ်လလျှင် တန် ၅၀,၀၀၀ ခန့် ပိုလျှံထုတ်လုပ်သွားရမည်ဟု ဆိုပါသည်။ ဝန်ကြီးဌာနမှ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ၎င်း၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တီမောလက်စ်တေနိုင်ငံ (Timor Leste) သို့ တန် ၅၀၀ ဝန်းကျင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့်နှစ်၊ ၂၀၂၁ ခုနှစ်အတွင်း ကြက်သားနှင့် ကြက်သားထွက်ကုန်တန် ၂၁၄,၄၀၀ ခန့်ကို တင်သွင်းခဲ့ပြီး ဘရာဇီးနိုင်ငံမှ ၄၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၃၄ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၈ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ ၁၀ ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း မလေးရှားနိုင်ငံသည် ပြည်တွင်း၌ ကြက်သားလိုအပ်ချက် မပြတ်လပ်စေရေးအတွက် ပုံမှန်ပြည်ပသို့ ကြက်သားတင်ပို့မှု တစ်လလျှင် ၃.၆ သန်းအား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စတင်၍ တားမြစ်ပိတ်ပင်ခဲ့သောကြောင့် စင်ကာပူနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အခြားကြက်သားနှင့် ကြက်သားထုတ်ကုန်များရရှိနိုင်မည့် အရင်းအမြစ်များစွာမှ တင်သွင်းခွင့်ပြုသွားမည်ဟု အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း သိရှိ ရပါသည်။

Source - Channel News Asia (ပြည့်ဖြိုးအောင်)

# ပို့ကုန်တင်ပို့မှုအနေဖြင့် ရည်မှန်းချက်ကိုကျော်လွန်နိုင်

## GROWTH CONTINUES

Thai exports rose faster than expected at 10.5% year-on-year in May, aided by increased global food demand and production as well as a weak baht.



| Unit: US$ million | May 2022 | | Jan-May 2022 | |
|---|---|---|---|---|
| Trade value | 52,892 | +17.2% | 249,990 | +16.5% |
| Export value | 25,509 | +10.5% | 122,632 | +12.9% |
| Exports of real sector | +11.1% | | +8.7% | |
| Import value | 27,383 | +24.2% | 127,358 | +20.2% |
| Trade balance | -1,874 | | -4,727 | |

ယခုနှစ်ပထမ(၅)လအတွင်း ခိုင်မာကောင်းမွန်သည့် ပို့ကုန်တင်ပို့မှုများကြောင့် အစိုးရ၏ ခန့်မှန်းချက်ဖြစ်သည့် ပို့ကုန်တိုးတက်မှု(၄%-၅%)ကို ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျူရင်၏အဆိုအရ သိရှိရပါသည်။ မစ္စတာဂျူရင်က ထိုင်းပို့ကုန်တင်ပို့မှုအနေဖြင့် ထပ်မံ၍တိုးတက်နိုင်ကြောင်း၊ဒုတိယနှစ်ဝက်တွင် ပိုမိုကောင်းမွန်သည့်ရလဒ်များ ရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ မစ္စတာဂျူရင်က ကိုဗစ်-၁၉ ကပ်ရောဂါတည်ငြိမ်သွားမှု၊ ကမ္ဘာ့လုံးဆိုင်ရာအစားအစာဝယ်လိုအားတိုးတက်မှုနှင့် အစားအစာဈေးနှုန်းမြင့်တက်မှုတို့က ပို့ကုန်တိုးတက်မှုအတွက် အဓိကအထောက်အပံ့ဖြစ်စေသည့် အကြောင်းအရာများဖြစ်ကြောင်း ရည်ညွှန်းပြောကြားခဲ့ပါသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ပြန်လည်နာလန်ထူလာပြီဖြစ်ကြောင်း၊ပြည်ပတင်ပို့မှုသဘော်များနှင့် ကွန်တိန်နာများတိုးတက်များပြားလာခြင်းက ထိုင်းပို့ကုန်များတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း မစ္စတာဂျူရင်ကပြောကြားခဲ့ပါသည်။ရုရှား-ယူကရိန်းပဋိပက္ခရလဒ်ကြောင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ဝယ်လိုအားကျဆင်းခြင်းနှင့် ငွေဖောင်းပွမှုအန္တရာယ်က အနာဂတ်ပို့ကုန်တင်ပို့မှုအတွက် ဖိအားဖြစ်စေမှာဖြစ်ကြောင်းနှင့် ၎င်းကိစ္စကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း မစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။

မေလတွင် အကောက်ခွန်ရှင်းလင်းပြီးပို့ကုန်တင်ပို့မှုမှာနှစ်အလိုက်တွင်(၁၀.၅%)တိုးတက်ခဲ့ကြောင်းနှင့် အမေရိကန်ဒေါ်လာ(၂၅.၅)ဘီလီယံရှိခဲ့ကြောင်းသွင်းကုန်တင်သွင်းမှုမှာလည်း(၂၄.၂%)တိုးတက်ခဲ့ကြောင်းနှင့်အမေရိကန်ဒေါ်လာ(၂၇.၄)ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၁.၈၇)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။ ရွှေ၊ ရေနံနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်တို့မပါဝင်ဘဲ မေလတွင် အမှန်တိုးတက်တင်ပို့နိုင်ခဲ့သည့် ပို့ကုန်များအနေဖြင့် နှစ်အလိုက်တွင်(၁၁.၁%)တိုးတက်ခဲ့ကြောင်း၊ ဧပြီလနှင့် မတ်လတို့ထက်(၆.၈%)နှင့်(၈.၉%)တို့ဖြင့် အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။၂၀၂၂ ခုနှစ်ပထမ(၅)လတွင်ထိုင်းပို့ကုန်တင်ပို့မှု (၁၂.၉%)တိုးတက်ခဲ့ကြောင်းနှင့် အမေရိကန်ဒေါ်လာ (၁၂၃) ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၂၀.၂%) တိုးတက်ခဲ့ကြောင်းနှင့် အမေရိကန်ဒေါ်လာ(၁၂၇) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၄.၇၂)ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။ ပို့ကုန်တင်ပို့မှာ ထိုင်းစီးပွားရေးအတွက် အဓိကကျသောအထောက်အပံ့ဖြစ်နေဆဲဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအစားအစာ ဝယ်လိုအားတိုးတက်ခဲ့ခြင်းကြောင့် လယ်ယာထွက်ကုန်များနှင့် စက်မှုလယ်ယာထုတ်ကုန်များတင်ပို့မှုအနေဖြင့် ကမ္ဘာကြီး၏ မီးဖိုချောင် Kitchen of the world ဟူသည့် ထိုင်းနိုင်ငံ၏ အခန်းကဏ္ဍအား ထင်ဟပ်စေခဲ့ကြောင်း မစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။ ကမ္ဘာ့ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့်အတူ ထိုင်းစက်မှုပို့ကုန်တင်ပို့မှုများလည်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

Source: Bangkok Post (လွင်မျိုးဇော်)